MOEA

# တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားနေ့နှင့် နေ့ထူးနေ့မြတ်များ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း(၄)

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ

စုစည်းဖော်ပြသည်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)

D/mai than myint

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ရဝမ်တိုင်းရင်းသားတို့၏ နှစ်သစ်ကူး ပွဲတော် | ၁ |
| ၂။ | ကရင်ကောက်သစ်စားပွဲတော်(သို့) ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာပွဲတော် | ၄ |
| ၃။ | အရှို(ချင်း)တို့၏ မင်္ဂလာဆောင်ပွဲတော် | ၂၄ |
| ၄။ | လူရှိုင်းတို့၏ ကြပ်ကြာကုပ်(Chapchar Kut) ပွဲတော် | ၄၅ |
| ၅။ | နဂါးရိုးရာလှေလှော်ပြိုင်ပွဲ(တနသ်ာရီ) | ၅၅ |
| ၆။ | ယောဒေသမီးကြာလှည့်လည်ပွဲတော်နှင့် သနပ်ခါးပါးတို့ပွဲ | ၇၂ |
| ၇။ | မွန်တို့ဒေသ ဝါခေါင်လပြည့် ရွှေအိုးမြှုပ် လှူဒါန်းပွဲ | ၇၉ |
| ၈။ | ရခိုင်ရိုးရာဝါကျွတ်ပွဲတော်နှင့် ထမင်းထောင်ပွဲ | ၈၅ |
| ၉။ | ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာခလေ့ တံပူပွဲတော် (သို့မဟုတ်) ပွဲလူလို | ၉၇ |

# ရဝမ်လူမျိုးတို့၏နှစ်သစ်ကူးပွဲတော်

ရဝမ်လူမျိုးတို့သည် တစ်နှစ်တွင် ၁၂ လရှိသည်ဟု လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ထက်မနည်းသော ကာလကတည်းက ယုံကြည်ခဲ့ကြသည်။တစ်နှစ်၏နောက်ဆုံးလကုန်ပြီးနောက် တစ်ရက်တွင် နှစ်သစ်ကူးပွဲတော်ကို ကျင်းပလေ့ရှိကြပါသည်။ တစ်နှစ်၏ နောက်ဆုံး လကို နမ်ရုံ (Numrung/ Song gon/ Gagon) ဟူ၍ ဒေသအလိုက်အနည်းငယ်ကွဲပြားစွာ ခေါ်ဝေါ်သမုတ် ကြပါသည်။ သို့ရာတွင် ခံယူမှုလုပ်ဆောင်မှုတို့မှာ အားလုံးတူညီကြ ပါသည်။

နှစ်တစ်နှစ်၏နောက်ဆုံးရက်တွင် နေသည် သူ၏ သွားလမ်း (တောင်ယဉ်စွန်းတန်း)၌ နှစ်ရက် (သို့) သုံးရက်ခန့် တစ်ထပ်တည်းကျအောင်သွားသည်ဟု ယုံကြည်ကြပါသည်။ ၎င်းလမ်းကြောင်းမှ မြောက်ဘက်သို့ ရွေ့လျားထွက်ခွာလာသည့် ရက်ကို နှစ်သစ်ကူးနေ့ (Numlogom nvmalatni) နမ်ယော်လ၏ပထမရက်ဟု သတ်မှတ်ကြပါသည်။ ခေါင်လန်ဖူးမြို့နယ်တစ်ဝိုက်တွင်၎င်းရက်ကို မည်သည့်နှစ်တွင်မျှ မမှားအောင် ကြည့်နိုင်သည့် နက္ခပညာရှင်များမှာ အဂူးမျိုးနွယ်နှင့် ဆာရ်ဝမ် မျိုးနွယ်တို့ ဖြစ်သည်ဟု ပြောဆိုကြ ပါသည်။

ရှေးယခင်က နတ်ဆရာကြီးများ( Dvmshe/ Dumsa)၊ နတ်ဝင်သည်များ(Dvgor/ Dvgon/ Shvgon)အပြင် သက်ကြီးရွယ်အိုများ ဒေသအလိုက် ကျွမ်းကျင်သူ ပညာရှင်များရှိခဲ့ ကြပါသည်။

ငင်းရက်မရောက်မီ မိသားစုများသည် အိမ်တိုင်း၌ ဆန်မှုန့်ထောင်းကာ မုန့်ပြုလုပ်၍ နှစ်သစ်ကူးရက်၌ စားသုံးကြပါ သည်။ သားသမီးမရှိသည့်သက်ကြီးရွယ်အိုများ၊ သားသမီးရှိသော်လည်း မုန့်ပြုလုပ်မည့် သူမရှိသည့်အိမ်မှ သက်ကြီးရွယ်အိုများကို အိမ်နီးချင်းများ၊ ဆွေမျိုးသားချင်းများက မိမိအိမ်သို့ ဖိတ်ခေါ်၍ လည်းကောင်း၊ သူတို့အိမ်သို့သွားပေးခြင်းဖြင့်လည်းကောင်းဆန်မုန့် စားသုံးကြပါသည်။ ကောက်ညှင်းပေါင်းနှင့် အသားဟင်းလျာဖြင့်စားခြင်း၊ ပျော်ပွဲရွှင်ပွဲသတ်မှတ်၍ မိသားစုအလိုက်စားသောက်ကြ ခြင်းများ ပြုလုပ်ကြပါသည်။

ထိုကဲ့သို့ စားသောက်ခြင်းမပြုပါက နေမင်း၏ အိမ်တော်၌ ထိုသူ ၏ဝိညာဉ်က သွားရောက်စားသောက်လိမ့်မည်။ ထိုသို့ဖြစ်ပါက ထိုနှစ်အတွင်း ကွယ်လွန်ခြင်း၊ အသက်တိုခြင်း ဖြစ်မည်ဟု ယုံကြည်ခဲ့ကြပါသည်။ နှစ်သစ်ကူးဆန်မုန့် (Nvmrung zidung) မစီစဉ်နိုင်သည့် အမျိုးသမီးကို ပြစ်တင်ရှုတ်ချကြပါသည်။ အပျင်းထူ၍ အသုံးမကျသူ၊ မိမိ၏အိမ်သားများကို အသက်တိုစေသူ ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။

၁၉၅၀ ခုနှစ်နောက်ပိုင်း ရဝမ်လူမျိုးများသည် ခရစ်ယာန်ဘာသာကိုလက်ခံယုံကြည်သူ တဟုန်ထိုး တိုးတက်များပြားလာခဲ့ပါသည်။ ၁၉၇၀ ခုနှစ်ခန့်တွင် ရဝမ်လူမျိုး ၉၅ ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်လာခဲ့ပါသည်။ ထိုအခါယခင်ကဲ့သို့ နှစ်သစ်

ကူးနေ့ကျင်းပပုံမှာလည်း ပြောင်းလဲလာခဲ့ပါသည်။ နှစ်သစ်ကူးရက်ကိုရိုးရာဆန်မှုန့် ပြုလုပ်၍ ကြိုဆိုသူများရှိသလို ဖာသိဖာသာနေသူများလည်း ရှိလာပါသည်။

ခရစ်သက္ကရာဇ်ဇန္နဝါရီလ(၁)ရက်နေ့ကမ္ဘာသုံးနှစ်သစ်ကူးရက်ကို လက်ခံကျင့်သုံးမှု များပြားလာပါသည်။ ဒီဇင်ဘာလ (၃၁) ရက်ညဥ့် လူငယ်များကအိမ်များကိုလှည့်လည်၍နှစ်သစ်ကူး သီချင်းသီဆိုခြင်း၊ သီဆိုသူများကို အလှူငွေနှင့် လက်ဆောင်ပေးခြင်းတို့ ပြုလုပ်ကြပါသည်။

ဇန်နဝါရီလ (၁) ရက်တွင် မိမိတို့၏ ဘုရားကျောင်း၌ စုရုံး ၍ နှစ်သစ်ကူးကြိုဆိုသည့် အခမ်းအနား ကျင်းပကြပါသည်။ မိမိအိမ်မှ ယူလာသည့် ဆန်မုန့်နှင့် စားစရာများ၊ လူငယ်များ လှည့်လည်၍ နှစ်သစ်ကူးသီချင်းသီဆိုရာမှရလာသည့် အလှူငွေများဖြင့် ဖြည့်တင်း၍ စုပေါင်းစားသောက်ကြခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းတို့ကို ပြုလုပ်ကြပါသည်။ နောက်ဆုံးတွင် ခရစ်ယာန် ဆရာတော်၊ သင်းအုပ်ဆရာကြီးများက ဦးဆောင်ကာ နှစ်ဟောင်း၌ ကောင်းမွန်စွာ စောင့်ရှောက်ခဲ့သကဲ့သို့ ယခုနှစ်သစ်၌လည်း စောင့်ရှောက်ပါမည်အကြောင်း ထာဝရဘုရားကို ဆုတောင်းကြပါသည်။

# ဖို့ဗူးယောဉ်/ဖီးထို့ဘီးဟာပွဲတော်(သို့)
# ကရင်ရိုးရာကောက်သစ်စားပွဲတော်

ကမ္ဘာပေါ်ရှိ တိုင်းရင်းသားလူမျိုးတိုင်း၌ မိမိတို့လူမျိုးများ အလိုက် ချစ်စရာကောင်းသော ရိုးရာဓလေ့ထုံးတမ်းပုံပြင်များ အသီးသီးရှိကြ၏။ မိမိတို့၏ယုံကြည်မှုအရ ဘာသာရေးနှင့် မသက်ဆိုင်သော ရိုးရာဓလေ့ထုံးတမ်းများကို ရှေးမူမပျက် ထိန်းသိမ်း ဖော်ထုတ်ခြင်းသည် ထိုလူမျိုး၏ ရှေးအစဉ်အဆက် တည်ရှိခဲ့သော ဘိုးဘွားတို့၏ အမွေအနှစ်ကောင်းများကို ထိန်းသိမ်းမြတ်နိုးရာ ရောက်ပေ၏။ ထိုသို့တန်ဖိုးထား ထိန်းသိမ်း ကျင်းပ ဖော်ထုတ်ခြင်း မရှိပါက အနာဂတ်တွင် ထိုလူမျိုးတို့၏ တန်ဘိုး မဖြတ်နိုင်သော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပျောက်ကွယ်၍ အခြားလူမျိုး တို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ လွှမ်းမိုးသွားမည် ဖြစ်၏။

ကရင်လူမျိုးတို့သည် ရှေးပဝေသဏီ ကတည်းက ကိုယ်ပိုင် ယဉ်ကျေးမှု၊ ကိုယ်ပိုင်ရိုးရာဓလေ့ထုံးတမ်းဖြင့် နေထိုင် လာ ခဲ့သော လူမျိုးစုကြီးတစ်စုအဖြစ် ရပ်တည်ခဲ့၏။ ကရင်လူမျိုးတို့ သည် လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း၊ အမဲလိုက် လုပ်ငန်း ဖြင့် အဓိကအသက်မွေးမြူခဲ့ကြ၍ လယ်ယာလုပ်ငန်း၊ တောင်ယာ လုပ်ငန်းနှင့် သက်ဆိုင်သော ရိုးရာဓလေ့ ယုံကြည်မှု ထုံးတမ်းများ ယနေ့ထိ ရိုးရာမပျက်ထိန်းသိမ်း ကျင်းပနေကြ၏။ ထိုဓလေ့ထုံးတမ်း

များသည် ကရင်တို့၏ ကောက်သစ်စားပွဲတော် (ပိုးကရင်အခေါ် အောင်းလောင်ဗူး သောင့်ခူး၊ စကောကရင်အခေါ် အော့လော် ဗူးသောခို့)သည် စပါးစောင့်နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ)ကို ပူဇော်ပသသော ရိုးရာဓလေ့ပွဲများ ကရင် နှစ်သစ်ကူးနေ့ ရောက်တိုင်း မဖြစ်မနေကျင်းပကြရ၏။

## စပါးစောင့်နတ်သမီး (ဖို့ဗူးယော်/ ဖီးထို့ဘီးဟာ) ပုံပြင်

ကရင်လူမျိုးတို့၏ စပါးစောင့်နတ်သမီး (ပိုးကရင်အခေါ် ဖီ.ဗူးယော် စကောကရင်အခေါ် ဖီးထို့ဘီးဟာ) ပူဇော်ပသပွဲ ဖြစ်ပေါ်လာပုံသမိုင်းကို ရှေးလူကြီးသူမတို့က ဒဏ္ဍာရီပုံပြင် အဖြစ် နောင်လာနောက်သားတို့အတွက် မပျောက်ပျက်စေရန် အစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာကြ၏။ ထိုရိုးရာ ဓလေ့ပျောက်ကွယ် မသွားရန် ထိန်းသိမ်းရမည့် တာဝန်မှာ မျိုးဆက်သစ် လူငယ်တို့၏ တာဝန်ပင် ဖြစ်ပေ၏။

ရှေးရှေးတုန်းက လယ်ယာလုပ်ကိုင်မှီခိုစားသောက် ကြသော ကရင်ရွာလေးတစ်ရွာတွင် နွေရာသီ ကောက်သစ်ပေါ်ချိန် ရောက်သော တစ်နှစ်၌ ဝါးပင်ဝါးတောများ တတောလုံးသီး ပွင့်လာပြီး ဝါးသီးကိုလာရောက်စားသောက်ကြသည့် ကြွက်များ

သည်ထသောင်းကျန်းကြပြီး ရွာသားတို့၏ လယ်ယာစပါးခင်း များပါ အကုန်ကိုက်ဖျက် စားသောက်ပစ်လိုက်၏။ ထိုနှစ်တွင် စားစရာ စပါး သီးနှံများ မလုံလောက်သဖြင့် အစာရေစာငတ်ပြတ် လာပြီး ရွာသား အပေါင်းတို့သည် မိုးတွင်းရာသီတွင် စားသုံးရန် အတွက် နီးစပ်ရာရွာ များသို့ စပါးဝယ်ရန် အသီးသီးထွက်ခွါကြ၏။ထိုရွာတွင်
အလွန်ဆင်းရဲသော မိဘမဲ့ ဖိုးဟဲမောင်နှမ နှစ်ယောက်ရှိရာ ရွာသား များက ထိုမောင်နှမနှစ်ယောက်အား စပါးဝယ်ဝေငှပေးရ မည်ကို စိုးရိမ်ကြသဖြင့်အသိမပေးဘဲရွာမှတိတ်တဆိတ် ထွက်ခွါသွားကြ၏။

ထိုမောင်နှမနှစ်ဦးတွင် မိဘက အမွေပေးခဲ့သော အသပြာ ငွေတစ်ပြားသာရှိ၏။ အကိုဖြစ်သူကညီမဖြစ်သူအား မိမိတို့တွင် ငွေ တစ်ပြားသာ ရှိသော်လည်း အားငယ်ရန်မလိုကြောင်း ရသလောက် စပါးကို ဝယ်လာ၍ ထမင်းချက်ကျွေးမည်ဖြစ်ကြောင်း မှာကြား၍ စပါးရှာဝယ်ရန် ရွာမှတစ်ဦးတည်း ထွက်ခွါလာ၏။ အခြားရွာတစ်ရွာ သို့ရောက်သောအခါ မိမိ၌ပါလာသော ငွေတစ်ပြားဖြင့် စပါးအနည်း ငယ် ရောင်းချပေးရန် တောင်းပန် သောအခါ သနားတတ်သူတို့က အုန်းမှုတ်တစ်ခွက်စာ ရောင်းချပေးလိုက်၏။





ဖ

ေ

ဂ

ဒ

က ညောင်မြစ်ကြားမှ လွတ်မြောက်လာသောအခါ မိမိသည် ညောင်ပင်ခွကြားတွင် ကစော်ဖေါက်နေသောညောင်သီးခေါင်ရည်ကို နေ့စဉ်မှီဝဲ ရင်းအိပ်ပျော်သွား၍ ညောင်မြစ်က မိမိကိုယ်ကို ပတ်မိသွားသဖြင့် ရှန်းထွက်၍ မရတော့ကြောင်း လမ်းသွားလမ်းလာ









များကို အကူအညီ တောင်းခံသော်လည်း ထမင်း ကျွေးရမည်ကို စိုးရိမ်သဖြင့် မကယ်တင်ကြကြောင်း မြွေးလေးကအဖွားကို ကယ်တင်သည့် အတွက် အလွန်ဆာလောင်နေသဖြင့် ထမင်းပါ ကျွေးရမည် ဖြစ်ကြောင်း သို့သော် အလွန်ငတ်ပြတ်နေသဖြင့် လမ်းလျှောက်ရန် အားမရှိကြောင်း အဖွားအိုကပြောရာ ဖိုးဟဲက မိမိက သနားစာနာစိတ်ဖြင့် အဖွားကို ကယ်တင်ခြင်းသာဖြစ်ကြောင်း မိမိ၌ ဆန်အနည်းငယ်သာ ရှိသော်လည်း အဖွားအိုအား သနားမိ သဖြင့်မျှဝေစားသုံးကြမည်ဖြစ်ကြောင်း အဖွားကလမ်းမလျှောက်နိုင် ပါက ကုန်းပိုး၍ အိမ်သို့ခေါ်ဆောင် ပေးသွားမည်ဖြစ်ကြောင်းပြော၍

အိမ်သို့ခေါ်ဆောင်လေ၏။ အိမ်သို့ရောက်သောအခါ ညီမအား မိမိတွေ့ကြုံခဲ့သောအဖြစ် အပျက်များအား ရှင်းပြ၍ မိမိတို့မိဘများ မရှိသတော့သဖြင့် လုပ်မကျွေးခဲ့ရကြောင်း ကံကောင်းထောက်မ သဖြင့် အဖွားအိုကို မိမိတို့မိဘအရင်းကဲ့သို့ ပြုစုလုပ်ကျွေးကြလျှင် ကုသိုလ်ရမည်ဖြစ်ကြောင်း အဖွားကဆာလောင်နေသဖြင့် ရသည့်



စပါးကိုဖွပ်၍ ထမင်းချက်စားကြမည်ဖြစ်ကြောင်း ညီမအားရှင်းပြကာ စပါးကို ဆန်ဖြစ်အောင်ဖွပ်လေ၏။ ဆန်ဖြစ်လာသောအခါ ညီမအား ထမင်းချက်ခိုင်းရာ အဖွားက ထမင်းအိုးကိုရေတစ်ဝက်ဖြည့်၍ ဆန်စေ့သုံးစေ့သာထည့်ရန်ပြောရာ အစ်ကိုဖြစ်သူက လူကြီးသူမ တို့၏ပြောစကားသည် မမှားနိုင်ကြောင်း အဖွားပြောသည်ကို



လိုက်နာပါက လက်တွေ့ထူးခြားမည်ဖြစ်ကြောင်းပြောကာ ဆန်သုံးစေ့သာထည့်၍ ချက်စေ၏။ ထမင်းငွဲ့ပြီး၍ ထမင်းကျက်သောအခါ ထမင်းသည်အိုးအပြည့်နှင့်ရရှိ၍ သုံးယောက်သား ဝဝလင်လင်စားသုံးနိုင်သည့်အပြင် အိမ်ရှိ ခွေး၊ ဝက်၊ ကြောင် များပါအစာဝလင်အောင် ကျွေးနိုင်လေ၏။ ထို့ကြောင့် ရှေးလူကြီး တို့သည်လူကြီးသူမတို့၏ ဆိုဆုံးမမှုကို မြေဝယ်မကျ နားထောင်ပါကဆင်းရဲဒုက္ခ မရောက်နိုင်ကြောင်း နောင်လာနောက်သား များကိုဆိုဆုံးမကြ၏။

ဤသို့နေ့စဉ်အလုပ်မလုပ်ဘဲ ဆန်သုံးစေ့ဖြင့် ထမင်းဝဝလင်လင်မပူမပင် နေနိုင်စားနိုင်ကြသဖြင့် တစ်ရွာလုံးက တအံ့

တညြဖြစ်နေကြရ၏။ ရက်လများကြာလာသောအခါ မြေးဖြစ် သူက အဖွားအား မိမိတို့သည် တောင်ယာမလုပ်ဘဲ အေးအေးလူလူ စား သောက်နေနိုင်ကြသဖြင့်ရွာသားများကအံ့ဩနေကြောင်း နောက်ပိုင်း တွင် သင်္ကာမကင်းဖြစ်လာ၍ မိမိတို့အား မကောင်းဆိုးဝါးအဖြစ် အထင်မှားနိုင်၍ အန္တရာယ် ရှိနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် သာမန်ရွာသားများကဲ့သို့လယ်ယာလုပ်ငန်းလုပ်ကိုင်ပြရန်လိုကြောင်း ပြောရာ အဖွားက လယ်ယာလုပ်ကိုင်လိုပါက တောခြုံများကို ရှင်းလင်းခုတ်ထွင် ရန်လိုကြောင်းပြော၏။ မြေးဖြစ်သူက တစ်ရက်ကို ခဲတစ်ပစ်စာ တောခြုံများကို ခုတ်ထွင်ရှင်းလင်း၍ (၇) ရက်စာ ရှင်းလင်း ပြီးသောအခါ ခဲ(၇)ပစ်စာ ခုတ်ထွင်ရှင်းလင်းပြီးကြောင်း အဖွားကိုပြောလေ၏။

ထိုအခါ အဖွားက လယ်ကိုထွန်ယက်စေ၍ ထယ်စာခဲများ ကြားတွင် ပေါ်ထွက်လာသော မြေအောင်းပိုးများကို ဆက်ရက်ငှက် အား တိတ်တဆိတ်ခေါ်၍ ကောက်စားစေ၏။ (အမှန်တွင် အဖွားအို သည် ငှက်တို့၏အရှင်သခင် စပါးစောင့်နတ်သမီး ဖီ.ဗူးယော်ငှက်/





ဖီးထို့ဘီးဟာ ငှက်ပင်ဖြစ်လေ၏။ ငှက်ဘဝဖြင့် ညောင်ပင်အို ခွကြားတွင် ကစော်ဖောက်နေသော ညောင်သီး ခေါင်ရည်ကို နှစ်နှစ်ခြိုက်ခြိုက် နေ့စဉ်ရက်ဆက် မှီဝဲသောက် သုံးရင်း အချိန် ကြာ မြင့်စွာ အိပ်ပျော်သွားရာမှ အဖွားအိုဘဝ သို့ပြောင်းကာ ညောင်မြစ် များဖြင့် ရစ်ပတ်မိခြင်းသာဖြစ်၏။) ထိုသို့အဖွားအိုက စေခိုင်းသဖြင့် ဆက်ရက်ငှက်သည် ထယ်စာ ကြားတွင်ရှိသော မြေအောင်းပိုးများကို ကောက်ယူစားသုံးသဖြင့် စပါးကိုပို၍ အထွက်တိုးစေ၏။ ထို့ကြောင့် ရှေးလူကြီးတို့က ဆက်ရက်ငှက် သည် လူကိုအကျိုးပြုသဖြင့် မပစ်ခတ်ရဟု လူငယ်များကို သွန်သင်ဆုံးမ ကြ၏။

မြေးဖြစ်သူက လယ်ကိုထွန်ယက်ပြီးသော်လည်း မိမိ၌ စပါးမျိုးစေ့မရှိကြောင်း အဖွားအိုကိုပြောပြန်ရာ အဖွားအိုက ငုံးငှက် ကို တိတ်တဆိတ်ခေါ်ယူကာ တောထဲရှိ ကျောက်မီးတွင်း ဂူတံခါး အတွင်းသို့သွား၍ ဂူတွင်းရှိ စပါးမျိုးစေ့များကို ကိုက်ချီ လာစေပြီး လွယ်ပလိုင်းကြီးထဲသို့ အပြည့်ဖြည့်ရန် တာဝန်ပေး လေ၏။ ကျောက် တံခါးသည် စပါးမျိုးစေ့များ သိုလှောင်ထား သဖြင့်စပါးစေ့များ မှိုမတက်စေရန်အတွက် ဂူထဲသို့လေဝင် လေထွက်ကောင်းရန် အသက်ရှူသကဲ့သို့ မကြာခဏ ဖွင့်လိုက် ပိတ်လိုက်လုပ်နေ၏။ ငုံးငှက်သည် ရှေးယခင်က အမြီးရှည်ရှိ သော်လည်း စပါးကို အကြိမ်ကြိမ်ကိုက်ချီရင်း နောက်ဆုံး အခေါက်တွင် ပင်ပန်းလွန်း သဖြင့် ကျောက်တံခါးနှင့် အမြီးညှပ်မိ သွားပြီး အမြီးကျွတ်လေ၏။

ထိုမှစ၍ ငုံးငှက်သည် ယခုထိ အမြီးမထွက်တော့ဘဲ တုံးတိတိ ဖြစ်နေ၏။ ထို့ကြောင့်ရှေးလူကြီးတို့ကငုံးငှက်သည် လူတို့၏ကျေးဇူးရှင်ဖြစ်သဖြင့် ငုံးငှက်ကို သတ်စားမိပါက ငုံးအမြီးမပေါက်နိုင်သကဲ့သို့ မကြီးပွားနိုင်ကြောင်း ဆိုဆုံးမ ကြ၏။

စပါးမျိုးစေ့များရလာသောအခါ အဖွားက လယ်ထဲသို့ ကြဲချ စိုက်ပျိုးစေ၍ စပါးများအသီးအောင် လာသောအချိန်တွင် စပါးခင်း အားလာရောက်စားသောက်သောစာကလေးငှက်အုပ်များကို ခြောက်လှန့်ရန်နှင့် စပါးကိုကိုက်ဖြတ်ဖျက်ဆီးသော အင်းဆက် ပိုးမွှားများ ခူကောင်များကို နှိမ်နင်းရန် အဖွားအိုက ငှက်တော်ငှက်ကို တာဝန်ပေးလေ၏။ ငှက်တော်သည် လူသံကဲ့သို့တု၍ စာကလေးကို ခြောက်လှန့်သည့်အပြင် စပါးခင်းရှိ ပိုးမွှားများကိုလည်း နှိမ်နင်းပေး၏။ ထို့ကြောင့် ငှက်တော်သည် လူကိုအကျိုးပြုသဖြင့် ပစ်ခတ်မိပါက တောထဲတွင်မျက်စိလည် လမ်းမှားနိုင်ကြောင်း ရှေးလူကြီးများ ဆိုဆုံးမကြ၏။

စပါးများရရှိလာသောအခါ အဖွားအိုက စပါးကိုမချိန် တွယ်မီ စပါးပုံ၌ စပါးစောင့်နတ်သမီးအား အစားအသောက်များဖြင့် ပူဇော်ပသစေ၍ စပါးကိုချိန်စေ၏။ ထိုအခါစပါးသည် မှန်းထား သည်ထက်ပို၍အထွက်တိုးလာ၏။နှစ်စဉ်နှစ်စဉ် စပါး အထွက်တိုးလာသောအခါ စားနပ်ရိက္ခာဖူလုံလာပြီဖြစ်၍ အဖွားက ပြန်တော့မည်ဖြစ်ကြောင်း နှစ်စဉ်စပါးပေါ်ချိန်၌ တစ်နှစ် တစ်ကြိမ် စပါးခင်းကို အဖွားပြန်လာ၍

စောင့်ရှောက်ပေးမည် ဖြစ်ကြောင်း အဖွားနားနေရန်ဝါးအဖျားပိုင်းကို စိုက်ထူ၍ အဖွား၏ အသုံးအဆောင်ဖြစ်သော ကရင်သင်တိုင်း၊ လွယ်အိတ် စသော အသုံးအဆောင်များကို ချိတ်ဆွဲထားကာ အဖွားကြိုက်နှစ် သက်သော ခေါင်ရည်၊ ကောက်သစ်ထမင်း၊ ကောက်ညှင်းခွက်ပြင်မုန့်၊ ကောက်ညှင်းထုပ်ဖက်ချွန်၊ သားမပေါက်သော ကြက်ဥပြုတ်၊ ပိန်းဥ၊ မျောက်ခေါင်းဥ၊ ခရုတာလပေါ့ဟင်း စသည်တို့ဖြင့် အဖွားအား ဧည့်ခံကျွေးမွေးပါက စပါးအထွက်တိုးအောင် အဖွားက စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း အဖွားသည် ယောကျ်ားတို့၏ အားပြိုင်မှုကိုနှစ်သက်သဖြင့် နဘန်းပွဲကို ကျင်းပပေးရန်မှာ ကြားခဲ့ပြီး စပါးစောင့်နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) ငှက်အသွင်ဖန်ဆင်းကာ အဝေးသို့ ပျံထွက်သွား လေ၏။

ထိုအခါမှစ၍ အဖွား (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) မှာကြားထားသည့်အတိုင်း စပါးပေါ်ချိန်၌ အဖွားသည် ငှက်အသွင်ဖြင့် စပါးခင်းပေါ် တစ်နှစ်တစ်ကြိမ် ဝဲပျံ၍ ပြန်လာရာ စပါးခင်း အထွက် တိုးရန် မိမိတို့ကို စောင့်ရှောက်ပေးသည်ဟု မောင်နှမနှစ်ဦးက ယုံကြည်ကြပြီး အဖွားစပါးစောင့်နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) မှာကြား ထားသည့်အတိုင်း အဖွားကို ပူဇော်ပသ၍ ကျွေးမွေးဧည့်ခံလေ၏။ ထိုသို့မောင်နှမနှစ်ဦးသည် နှစ်စဉ် စပါးစောင့်နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ)ကို ပူဇော်ပသ သဖြင့် စပါးအထွက် တိုးကြောင်း မောင်နှမနှစ်ဦးထံမှ သတင်း သိရှိရသဖြင့် တစ်ရွာလုံးက

လိုက်၍ ပူဇော်ပသလာရင်း ကရင် လူမျိုးတို့၏ စပါးစောင့်နတ်သမီး ( ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) နှစ်စဉ်ပူဇော်ပသမှုဓလေ့ ပေါ်ပေါက်လာလေ၏။ နောက်ဆုံးတွင် မောင်နှမနှစ်ဦးသည် ရွာတွင် အချမ်းသာဆုံးဖြစ်လာကာ အကို ဖြစ်သူဖိုးဟဲအား ရွာသူကြီးအဖြစ် တင်မြှောက်လိုက်ကြ၏။

အစပထမတွင် စပါးစောင့်နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) ကိုပူဇော်လာရာမှ နောက်ပိုင်းတွင် ခြံဦးထွက် ကောက်ဦးထွက် သီးနှံများကို အဖိုးအဖွား သက်ကြီးရွယ်အို များအား ဦးဦးဖျားဖျား လှူဒါန်းလာကြသဖြင့် ကောက်သစ်စားပွဲ (ပိုးကရင်ဘာသာဖြင့် အောင်းလောင်ဗူးသောင့်ခူး၊ စကောကရင် ဘာသာဖြင့် အော့လော်ဗူးသော့ခို့) ဟူ၍ ကျင်းပလာကြ၏။ ထိုပွဲတွင်လာရောက်သော ဧည့်သည်များကိုကျွေးမွေးဧည့်ခံရင်း ရိုးရာနပန်းပွဲများ ကျင်းပလာ ရာမှ ရိုးရာလက်ဝှေ့ပွဲများအထိ ကျင်းပလာကြ၏။ ၁၉၃၇ ခုနှစ်၌ ဗြိတိသျှ ပါလီမန်အစိုးရလက် ထက်တွင် အောက်လွှတ်တော်ကရင်အမတ် (၁၂) ဦးက တောင်း ဆို၍ အထက်လွှတ်တော် ကရင်အမတ်(၃) ဦးတို့ ပံ့ပိုးကူညီမှုဖြင့် ပိုးကရင်အခေါ် (ထိုင်ခေါက်ဖိုးလာ) ၊ စကောကရင် အခေါ် (သလေလား)၊ မြန်မာအခေါ် ပြာသိုလဆန်း ၁ ရက်နေ့ကို ကရင် နှစ်သစ်ကူးနေ့ အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးလိုက်ရာ ထိုအချိန်မှစ၍ ကရင်နှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲ (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) ပူဇော်ပွဲကို ပူးတွဲကျင်းပလာကြ၏။

ထို့ကြောင့် နှစ်သစ်ကူးနေ့အစ ကောက်သစ်စားပွဲကဟု တင်စားရမည် ဖြစ်ပေ၏။

စပါးစောင့်နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) ပူဇော်ပုံမှာ သလင်းပြင်ပေါ်၌ စပါးကောက်လှိုင်းပုံကို စုပုံထားပြီး စပါးစောင့်နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) နားနေရန် အကိုင်းအခက်ပါသော ဝါးပင်တစ်ပင်ကို စိုက်ထူကာ ထိုဝါးကိုင်းပေါ်တွင် အဖွားအသုံးအဆောင်ဖြစ်သော အမျိုးသမီးသင်တိုင်း၊ လွယ်အိတ် စသည်များကို ပဒေသာပင်ကဲ့သို့ ချိတ်ဆွဲထားကာ ဝါးပင်စည်၌ ပိန်းဥ ၊ မျောက်ခေါင်းဥ၊ အုန်းသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရွှေဖရုံသီးစသော ခြံထွက်သီးနှံများကို ချည်နှောင်ထား၏။ စပါးကျည်ထဲ၌ အဖွားကြိုက် သောကောက်ဦးထမင်း၊ကောက်ညှင်းခွက်ပြင်မုန့်၊ ကောက်ညှင်း ထုပ်ဖင်ချွန်၊ သားမ ပေါက်သောကြက်ဥပြုတ်၊ ကြက်မောက်ပန်း စသည်တို့ကို အဖွား၏ပလိုင်းထဲထည့်ကာ ချိတ်ဆွဲပေးထား၏။ အဖွားစားသုံး ရန်အတွက် ကောက်ဦးထမင်း၊ ပိန်းဥဟင်း၊ ခရုတာလပေါ့ဟင်း စသည်တို့ဖြင့် ပူဇော်ပသထားပြီး လယ်ကွင်းထဲသို့သွားကာ အဖွား ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ၏ ဝိညာဉ်လိပ်ပြာကို လူအုပ်စုဖြင့် သွားရောက် ကြိုဆိုခေါ်ဆောင်လာ၍ စပါးစောင့် နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) လွမ်းဆွတ်သီချင်း သီဆိုကာ စပါးပုံကို စုပေါင်းလှည့်ပတ်ကြ၏။

သီချင်းမှာ ပိုးကရင်ဘာသာဖြင့်

ဆယောဝ်ထောင်းသောင့် ဗူးလား ဟိုင့်

နောင်းထောင်းဘား ဖြီ.ဗူးယော် ထိုင်...

ဖြီ.ဗူးယော်ဂေး ဂယ့်ထိုင် ဂယ့်ထိုင်...

ဂယ့်ထိုင်အောင်း မေသောင့် မေအိုင်...

စကောကရင်ဘာသာဖြင့်

တာ့ယော်ထော့သော ဗူးလာ့ ဟေး...

နော့ထော့ ဖီးထို့ဘီးဟာ ကေ...
ဖီးထို့ဘီးဟာ ဟားကေ ဟားကေ...

ဟားကေအော့ မေသော မေသေ...

မြန်မာလို အဓိပ္ပါယ်မှာ
နွေရာသီပေါက် ရောက်လို့လာ စပါးရွက်တွေ ခြောက်လို့လာ...

အဖွားဖီ.ဗူးယော် ပြန်လို့သွား အလွန်အောက်မေ့ သတိရသား …

အဖွားဖီ.ဗူးယော်ရေ အရောက် ပြန်လာပါ …

ကောက်သစ်ထမင်း ခွက်ပြင် သုံးဆောင်ပါ…

ဟူ၍ အဓိပ္ပါယ်ရသော သီချင်းကို ဖွဲ့နွဲ့သီဆို၍ စပါးပုံကို လှည့်လည်ကြ၏။

ထို့နောက်သက်ကြီးရွယ်အိုများကို အစားအသောက်ဖြင့် တည်ခင်းဧည့်ခံပြီး လာရောက်သောဧည့်သည်များကို ခေါင်ရည်နှင့်စားသောက်ဖွယ်များ ဧည့်ခံကာ အဖွားဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ ကြိုက်နှစ်သက်သော နပန်းပွဲ ပျော်ပွဲရွှင်ပွဲများဖြင့် ဧည့်ခံကျင်းပကြ၏။ ထိုသို့ကျင်းပပြီးမှ စပါးကိုနယ်လှေ့ ချိန်တွယ်လျှင် ပို၍ပွားများလာကာ အထွက်တိုးလာသည်ဟု ယုံကြည်ကြ၏။ အချုပ်အားဖြင့်ဆိုလျှင် ကရင်လူမျိုးတို့သည် မိမိတို့၏ ဇာတိ၊ ရိုးရာ၊ ဓလေ့ထုံးတမ်းများကို မပစ်ပယ်ဘဲ ပြန်လည်ထိန်းသိမ်း ဖေါ်ထုတ်နေကြ၏။ နိုင်ငံတကာကလည်း ကရင်တို့၏ ရိုးရာဓလေ့ပွဲ၊ ယဉ်ကျေးမှု ဒုံးအကများကို နှစ်သက် သဘောကျ၍ အားပေးအားမြှောက် ပြုကြ၏။ ထို့ကြောင့် ကရင် လူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ထုံးစံများကို နိုင်ငံ တကာအလယ်၌ ပြန်လည်ဖေါ်ထုတ်ပြသ၍ လူမျိုးဂုဏ် ဇာတိဂုဏ်ကို မြှင့်တင်ပေးသင့်၏။

ဤစပါးစောင့်နတ်သမီး(ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) ပုံပြင် မှ ဘဝပေးသင်ခန်းစာယူရလျှင် ဝါးသီးလာလျှင် ကြွက်ပေါတတ်၍ သတိရှိရန်လိုကြောင်း ဆင်းရဲလျှင် အားငယ်ရန်မလိုဘဲ ရိုးသား၍ သဘောထားကြီးရန်လိုကြောင်း ဆင်းရဲသူကိုအထင်မသေးသင့်ကြောင်း ဒုက္ခရောက်သူကိုတွေ့လျှင် စာနာစိတ်ထား၍ ကူညီသင့်ကြောင်း စေတနာကောင်းလျှင် ကံကောင်းနိုင်ကြောင်း မရှိဆင်းရဲချိန်တွင် မိသားစုအချင်းချင်း အေးအတူ ပူအမျှ နေထိုင်သင့်ကြောင်း လူကြီးသူမကို ပြုစုလုပ်ကျွေး၍ လူကြီးသူမတို့၏ ဆိုဆုံးမမှုကို ယုံကြည်စွာ လိုက်နာသင့်ကြောင်း လူသားကိုအကျိုးပြုသော သတ္တဝါများအား ပစ်ခတ်ဖမ်းဆီးခြင်း မပြုသင့်ကြောင်း မိမိတို့၏ ကျေးဇူးရှင်ကို အမြဲသတိရ၍ ကျေးဇူးဆပ်တတ်ရန် လိုကြောင်း မိမိအပေါ် မကောင်းစိတ်ထားသော် လည်း မိမိကူညီနိုင်သည့်အချိန်တွင် အငြိုးမထားဘဲပြန်လည်ကူညီသင့်ကြောင်းမိမိတို့၏ရပ်ရွာမြို့ခေါင်းဆောင်များကို အရည်အချင်းရှိ၍ စိတ်ထားမွန်မြတ်သော ဥစ္စာပြည့်စုံသူကို ခန့်အပ်သင့်ကြောင်း မိမိတို့ခြံထွက်ကောက်ဦးသီးနှံများကို ဦးဦးဖျားဖျား သက်ကြီးရွယ်အိုများကို လှူဒါန်းသင့်ကြောင်း မိမိတို့၏ အသက်သခင် ကျေးဇူးရှင်ဖြစ်သော ဆန်စပါး၊ စားနပ်ရိက္ခာ၊ ရိုးရာဟင်းလျာများကို တန်းဖိုးထား ထိန်းသိမ်းတတ်ရန် လိုကြောင်း မိမိတို့၏ရိုးရာပွဲတွင် ထိခိုက်မှု ရန်ငြိုးထားမှု မရှိနိုင်သော ယှဉ်ပြိုင် ခြင်းကိုသာ ကျင်းပရန်လိုကြောင်း မိမိတို့၏ ဘိုးဘွားဘီဘင် လက်ထက်

က ထိန်းသိမ်းလာခဲ့သော ရိုးရာဓလေ့ ထုံးတမ်းများကို ပျောက်ကွယ် မသွားစေရန်စဉ်ဆက်မပြတ် ထိန်းသိမ်းသင့်ကြောင်းစသည့် သင်ခန်းစာများကို နောင်လာ နောက်သားတို့အား မှတ်သားနာယူနိုင် ရန် အတွက် ဤစပါးစောင့် နတ်သမီး (ဖီ.ဗူးယော်/ ဖီးထို့ဘီးဟာ) ပူဇော်ပွဲ တနည်းအားဖြင့် ကောက်သစ်စားပွဲ (အောင်းလောင်ဗူး သောင့်ခူး/ အော့လော်ဗူး သော့ခို့) ပွဲကို နှစ်သစ်ကူးနေ့ရောက်တိုင်း အစဉ်အလာမပျက် ထိန်းသိမ်းကျင်းပနိုင်ရန်အတွက် ရိုးရာဓလေ့ အမွေအနှစ်ကောင်း တစ်ခုအဖြစ် ဘိုးဘွားတို့က တန်ဖိုးထား ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရန် ရေးသားတင်ပြလိုက်ရပါသည်။

## အရှို(ချင်း)တို့၏ရိုးရာထိမ်းမြားမင်္ဂလာပွဲ

အရှိုချင်းတို့အတွက် ချင်းဓမ္မသတ်ကျမ်းအား ပြုစုပေးခဲ့သူမှာ မြေထဲ(အောင်လံ) စစ်ကဲတော်မင်း မောင်တက်ဖြိုး ဖြစ်ပါသည်။ မောင်တက်ဖြိုးသည် ၎င်းချင်းဓမ္မသတ်ကျမ်းအား ၁၈၈၁ ခုနှစ် ဇွန်လ (၂၂) ရက်နေ့တွင် ရေးသားပြီးမြောက်ခဲ့ပါသည်။ ထိုသို့ပြုလုပ်ရသည့် အကြောင်းမှာ အရှိုချင်းတို့သည် စာပေမရှိသောကြောင့် ပဆန်းဆရာများမှ နှုတ်ဖြင့်သာ မှတ်သားထားရသည့်အတွက် ချင်းဓမ္မသတ်ကျမ်း ရေရှည်တည်တံ့စေရန် လုပ်ဆောင်ပေးရခြင်း ဖြစ်ပါသည်။ သာဓကအားဖြင့် ဗုဒ္ဓမြတ်စွာ ဘုရားဟောကြားတော် မူခဲ့သော သုတ်ကျမ်း၊

ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့အား သင်္ဃာယနာ တင်ပြီး နောက် ၎င်းကျမ်းတို့ကို အက္ခရာမတင် နှုတ်ဖြင့်သာ အာဂုံဆောင် တော်မူခဲ့ရ ဖူးပေသည်။ ထိုအကြောင်း ကြောင့် မြတ်စွာဘုရား ပရိတ် နိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် နှစ်ပေါင်း ၄၅၀ ခန့်အချိန်တွင် အိန္ဒိယတောင်ပိုင်းရှိ သီဟိုဠ်ကျွန်းတွင် စိုးစံတော်မူသော ဝဋ္ဋဂါမဏိ လက်ထက်တွင် ရဟန္တာအရှင်မြတ် တစ်ထောင်တို့အား ပင့်ဖိတ် ပြီး ပေထက်အက္ခရာ တင်စေတော် မူခဲ့ပါသည်။ ထိုနည်းတူ ခရစ်ယာန် တို့ အထွတ်အမြတ်ထားသော သမ္မာကျမ်းစာသည် အစောဆုံးဘီစီ ၇၅၀တွင် ဓမ္မထပ်ဆင့်ကျမ်း စတင်ပေါ်ပေါက်ခဲ့ပြီး နောက်အကျဆုံး ကျမ်းမှာအေဒီ၁၅၀တွင်ရေးသားခဲ့သည့် ရှင်ပေတရုဩဝါဒ စာစောင် တို့ အား ခသ ၁၅၆၀ ခုနှစ် တွင် ယခုတွေ့ရသော (၆၆)စောင်ပေါင်း ချုပ်ထားသည့် ကျမ်းစာအုပ် ဖြစ်ပေါ်လာခဲ့ပါသည်။ အရှိုချင်းတို့သည် ရှေးယခင်က မှတ်တမ်း မပြုလုပ်နိုင်ခဲ့သော်လည်း ယခုအခါ မိမိတို့ ကိုယ်ပိုင် စာပေ ရှိနေပြီးဖြစ်သောကြောင့် မိမိတို့စာပေဖြင့် မှတ်တမ်း ပြုနေပြီး ဖြစ်ကြောင်းတွေ့ရှိရပါသည်။

## လွတ်လပ်သောအရှိုလူငယ်တို့၏ဘဝ

အရှိုချင်းတို့၏ လူပျိုအပျိုဘဝသည် အလွတ်လပ်ဆုံးနှင့် အပျော်ဆုံးဘဝဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူငယ်တို့ ဘာသာဘာဝ တယောက်နှင့်တယောက် ရင်းရင်းနှီးနှီးနေတတ်

သော ဓလေ့ရှိကြပါသည်။ သို့သော်လည်း အစဉ်အလာအရ အိမ်ထောင်ဘက်ကိုမူ ကင်ပွန်းတပ်စဉ်အခါကပင် ဆိုင်သူအချင်းချင်း စေ့စပ်ပေးထားတတ်သည့် အလေ့ရှိခဲ့ကြပါသည်။ ထိုသို့ရွေးချယ်သောအခါ နှမ၏သားများသည် အမေ၏အစ်ကို၊ မောင်၏ သမီးများထဲမှ တစ်ဦးတစ်ယောက်အား ဆိုင်သူအဖြစ် လက်ဆက်သည့် ဓလေ့အတိုင်း စောင့်ထိန်းလေ့ရှိကြပါသည်။ ၎င်းအလေ့အထအား အရှိုချင်းစကား "စီစွန် ပူစွန်" ဟုခေါ်ဆိုကြသည်။ ထိုသို့အားဖြင့် လူပျိုအပျိုဘဝတွင် ဆိုင်သူ များဖြစ်ကြပြီး လက်ထပ်ပြီးသောအခါ ပိုင်သူများဖြစ်သွားကြပါ တော့သည်။ ချင်းတို့၏ ဓလေ့ထုံးစံအရ ဦးလေးတွင် သမီး မိန်းကလေးမရှိပါက အခြားသောမိန်းကလေးများအား ပိုးပန်းခွင့် ရရှိကြပါသည်။ အရပ်ဓလေ့၊ ရွာဓလေ့အရ ကျေးလက်များတွင် မိန်းကလေးများက လိုအပ်သည့်အခါတိုင်ရန် ရင့်ကျက်သူ၊ ရိုသေလေးစားထိုက်သူအပျိုကြီးတစ်ဦးအား အပျိုခေါင်းဆောင်အဖြစ် ရွေးချယ်ခန့်ထားလေ့ရှိကြပါသည်။ ထိုနည်းတူပင် ကျေးရွာတိုင်းတွင် အသက်အားဖြင့်ကြီးသူ အများကြည်ညိုလေးစားရသူ၊ သိက္ခာရှိသူ၊ ဉာဏ်အမြော်အမြင်ရှိသူ၊ စကားလိမ္မာစွာပြောဆိုတတ်သူကို ရွေးချယ်ပြီး ကာလသားခေါင်းဆောင် တစ်ဦးစီရှိစမြဲ ထုံးစံရှိပါသည်။ အရှိုချင်းလူပျိုယောကျ်ားလေးများသည် မိမိ နှစ်သက်သည့် မိန်းမပျိုရှိရာရွာသို့ လူပျိုလှည့်သည့် ညှော်သည် လူပျိုသည် ကာလသားခေါင်းဆောင်၏ အိမ်တွင်နေရပါသည်။ ထို့နောက်

ကာလသားခေါင်းသည် ၎င်းနှစ်သက်သည့် အပျိုရှိမရှိ သို့မဟုတ် ရည်ရွယ်သူရှိမရှိမေးမြန်းလေ့ရှိပါသည်။ ထို့နောက် ကာလသား ခေါင်းဆောင်သည် လသာသောညများတွင်ဗိုင်းငင်၊ ဝါဖန့်ရင်းထွေရာ လေးပါးပြောဆိုကြသည့် အလေ့ရှိပါသည်။ ထိုသို့သောအချိန်တွင် လူပျိုသည် ချစ်ရေးဆိုခွင့်ရှိပါသည်။ ထိုသို့လူပျိုလှည့်မည့် အကြောင်း ကို ရွာခံများအား ကြိုတင်သတင်း ပေးပို့ပါသည်။ အမျိုးသမီးအပျို အိမ်မှ သဘောတူသည်ဖြစ်စေ သဘောမတူသည်ဖြစ်စေ လက်ခံပြီး စကားပြောပေးရပါသည်။

ထိုနည်းတူလူပျိုသည် မိမိစွဲလန်းနေသူ အမျိုးသမီးထံရွာခံ ကာလသားများနှင့်အတူ ညသန်းခေါင်ကျော် မိဘများအိပ်ချိန် တွင် သွားရောက် လူပျိုလှည့်လေ့ရှိပါသည်။ အတူလိုက်ပါလာသော ရွာခံ လူပျိုများက လှေခါးရင်းတွင် ထိုင်စောင့်ရပါသည်။ အကြောင်းမှာ ဧည့်သည်သူခိုးမဟုတ်ကြောင်း သက်သေခံပေးရန် ဖြစ်ပါသည်။ လူပျိုလှည့်လာသည့် လူငယ်က ကဗျာ၊ လင်္ကာ၊ စာချိုးများဖြင့် နှိုးရပါသည်။ လူပျိုလှည့်လာသည့် လူငယ်အား ပညာရှိ မရှိ စမ်းခြင်းလည်းဖြစ်ပါသည်။

၎င်းအပြင် လူပျို အပျိုတို့သည် အပြန်အလှန် ခြူချောင်း မှုတ်ပြီး ချစ်တေးသီကျူးပြီး အပြန်အလှန် တေးချိတ်ကြရ သည်မှာ လည်း ရှေးအစဉ်အလာတစ်ခုဖြစ်ပါသည်။ ထိုသို့တေး သီချင်းအား ဖြင့် လူပျိုအပျိုတေးကဗျာများကို ခြူချောင်းမှုတ် (အရှိုစကားအား

ဖြင့် ထိန်ခုန်မွတ်) နည်းကို လူပျိုလက်ဆင့်ကမ်း အမွေဆက်ခံ ခြင်းဖြင့် သင်ယူတတ်မြောက်ကြပါသည်။ကဗျာတေးသီချင်းများသာမက အရှိုတို့၏ရိုးရာ ဘာသာဓလေ့အတွက် ပဆန်းဆရာသည်လည်း ရိုးရာ ဓလေ့များ၊ ယစ်ပူဇော်သည့်အခါ ရွတ်ဆိုရသည့် ဆုတောင်း ဂါထာများကို နှုတ်တိုက်ရွတ်ဆိုပြီး လက်ဆင့်ကမ်း သင်ကြားပေး လေ့ရှိပါသည်။ ထိုသို့သုံးည တိုင်တိုင် လူပျိုလှည့်သွားရပါသည်။

ပထမညတွင် မောင်နှမများအကြောင်းဆွေးနွေးကြပါသည်။ ဒုတိယညတွင် ဆွေမျိုးများအကြောင်း ပြောကြပြန်ပါသည်။ တတိယ ညတွင် ဖူးစာကံအကြောင်း လူငယ်ဘာဝချစ်ကြိုက်ကြကြောင်း ပြော ကြပါသည်။မိုးလင်းသည်အထိစကားပြောနိုင်ပါသည်။မိဘများသည် ညအချိန်အပေါ့အပါးသွားကြသောအခါ သမီးအခန်းရှေ့မှ ဖြတ်မသွား မိစေရန်သတိပြုကြပါသည်။ထိုသို့မိဘများမှသမီးအပျိုအားလွတ်လပ် ခွင့် ပေးထားပေသည်ကိုတွေ့ရပါသည်။ တစ်ဦးနှင့်တစ်ဦး ချစ် ကြိုက် ပြီး မိဘများကသဘောတူပါက အတူညအိပ်ခွင့်ရှိပါသည်။ ထိုသို့ သောအလေ့ကိုအရှိုချင်းစကားဖြင့်“အစ်ပွိဆွိရို့”ဟုခေါ်သည်။ ထိုသို့ ခွင့်ပြု သည်မှာကေန်အမှန်လက်ထပ်ယူမည်ဟု သဘောတူသော ကြောင့် ဖြစ်သည်။ ထိုသို့ဖြင့်လူပျိုအပျို လွတ်လပ်သောရွေးချယ်ပိုင် ခွင့်များကို စည်းစနစ်ဓလေ့များအကြားတွင် ရရှိကြ ပါသည်။

ထို့အပြင်လူပျို အပျိုများသည် ရပ်ရွာ၏ ကျန်းမာရေးနှင့် ပတ် သက်သော ယဇ်ပူဇော်ခြင်း များတွင်လည်းကောင်း၊ မင်္ဂလာဆောင်

အခမ်းအနားများတွင်လည်းကောင်း၊ ရပ်ရေး ရွာရေး၊ သာရေး နာရေး တို့တွင် အချင်းချင်း ကလူကြည်စယ်ရင်း တပျော် တပါးပါဝင် လုပ်ဆောင် ကြပါသည်။ ထိုနည်းတူစွာ ကောက်စိုက်ပျိုးနှုတ်သည့် အချိန်များတွင်လည်းတေးသီချင်းများဆိုရင်း အပြန်အလှန်စောင်းကာ ချိတ်ကာ လူငယ်တို့၏ဘာဝအလှ တို့သည် အရှုံချင်း လူငယ် များ၏ အလေ့အထနှင့်ကျေးလက် စရိုက်များ ဖြစ်ပေတော့သည်။

## အရှုံချင်းတို့၏မင်္ဂလာထုံးစံများ

မောင်၏သမီးနှင့် နှမ၏သားသည် ဆိုင်သူများဖြစ်ကြ သော်လည်း မောင်၏သားနှင့်နှမ၏သမီးသည် ဆိုင်သူများ မဟုတ်ကြပါ။ ထို့ကြောင့်လက်ထပ်မရနိုင်ကြောင်း တွေ့ရပြန်ပါ သည်။ ဆိုင်သူများ မဟုတ်လျှင် လက်မထပ်နိုင်ပါ။ ၎င်းနှင့်ပတ် သက်သည့် တားမြစ်သောဓလေ့ထုံးနှင့်စည်းမျဉ်းများလည်းရှိပါသည်။ထို့ကြောင့် အရှုံချင်းတို့သည် မောင်လယ်နှမလယ် ပေးစားသည့် အလေ့အား ယနေ့ထိကျင့်သုံးလျက်ရှိပါသည်။

အရှုံချင်းတို့၏ ဓလေ့အရ သားရေးသမီးရေးကိစ္စများတွင် ဇာတ်မြင့်သူ( ကွေလှုန် )နှင့် ဇာတ်နိမ့်သူ( ကွေနဲင်း )ဟု ရှိပါသည်။ သားရှင်သည်မင်္ဂလာအချိန်တွင်နိမ့်သူ၊ သမီးရှင်သည် မြင့်သူဟု သတ်မှတ်ပါသည်။ အရှုံချင်းဓလေ့အရဆိုင်သူဟု ဆိုရာတွင် အစ်ကိုမောင်၏ သမီးကို အမနှမ၏ သားက လက်ဆက်ထိမ်းမြားယူနိုင်သည်။

"စီစွန်" ဆိုသည်မှာ အရှိုစကားဖြစ်ပြီး ခလေ့ထုံးတမ်းအရဆိုင်သူ ဖြစ်ပါသည်။ သို့သော် အစ်ကို၊ မောင်၏သားက ၎င်း၏ဖခင်ဘက်မှ အစ်မနှမ၏သမီးအား လက် မထပ်နိုင်ပါ။ "ပူစွန်" ဆိုသည့်အရှိုခလေ့အရဆိုင်သူမဟုတ်သော ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းခလေ့ထုံးတမ်း အစဉ်အလာ အတွက် တားမြစ်ထားသည့် စည်းမျဉ်းများ ရှိပါသည်။ လိင်တူ မောင်နှမသားသမီးများသည် လက်ဆက်ထိမ်းမြားခြင်းကို ရှောင်ကြဉ်ရပါသည်။ စေ့စပ်ကြောင်းလမ်းခြင်းထိုက်သူတို့အတွက် ကျင့်သုံးမှုအဆင့်ဆင့်ရှိသည်ကိုလည်း တွေ့ရပါသည်။

## စေ့စပ်ကြောင်းလမ်းခြင်း

အရှိုချင်းအပျိုလူပျိုတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ကြသောအခါယောကျ်ားလေးသည်မိန်းကလေးအိမ်သို့ဝင်ထွက်သွားလာနိုင်ပါသည်။ သို့သော် မောင်ရင်းနှမရင်းသဖွယ်သဘောထားပြီး သစ္စာစောင့်ရသည်။ ကတိစကားအကြိမ်ကြိမ်ပြု ပြီးနောက် နှစ်ဦး နှစ်ဖက်မိဘအားဖွင့်ဟပြောဆိုရပါသည်။ထို့နောက်ယောကျ်ားလေး မိဘများသည် ခေါင်ရည်ဘူးဖြင့် မိန်းကလေးမိဘများနေအိမ်သို့ သွားရောက်အကြောင်းကြားခြင်း စေ့စပ်ခြင်းတို့ကို တရားဝင်ဆောင်ရွက်ရခြင်းသည် ယနေ့ထိ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။



ရှေးအခါ ညီအစ်ကိုမောင်နှမများတွင် မောင်၊ အစ်ကိုတော်စပ်သူသည် သမီးရတနာ မွေးဖွားသောအခါ နှမသည် မိမိ၏သား အတွက် ရည်မှန်းပြီး ဝက်တစ်ကောင်ဖုတ်ပြီး ကင်ပွန်း မင်္ဂလာ နှင့် အတူ စေ့စပ်ကြောင်းလမ်းခြင်း၊ နားဖေါက်ခြင်းတို့ကို ပြုလုပ်ပေး ရသည့် အလေ့ရှိပါသည်။ အရှိုချင်းတို့၏ ယဉ်ကျေးမှု ဓလေ့အရ

ကြီးလာသောအခါသမီးသည် အခြားသောသူတို့ မဦးခင် ကင်းပွန်းတပ်စဉ်ကတည်းက ပြုလုပ်လေ့ရှိသော စေ့စပ်ခြင်းဟုဆိုနိုင်သည်။

ကင်ပွန်းတပ်စဉ် စေ့စပ်ထားသော ဆိုင်သူသည် သတို့သမီးအား မယူဘဲ တစ်ရွာသူကိုလက်ထပ်ယူပါက ဆိုင်သူအမျိုးသမီးအား ခေါင်ရည် ငါးအိုး၊ နွားတစ်ကောင်၊ ဝက်တစ်ကောင်(ချက်မှ ဂုတ်ပိုးအထိ ကိုးဆုတ်နှင့်လက်လေးသစ်)၊ လုံတစ်ချောင်း၊ ခက်ရင်းခွ တစ်ချောင်း၊ အိတ်တစ်လုံးနှင့်အဝတ်အထည်တချို့၊ မောင်းတစ်လုံး၊ လင်းကွင်း၊ ကျွဲမ သုံးမိသား (ကျွဲမိခင်တစ် ကောင်သားသုံးကောင်) တို့ကိုလျော်ပေးရကြောင်း ချင်းဓမ္မသတ်ကျမ်းတွင် ဖော်ပြထား ပါသည်။

ထိုသို့မဟုတ် မိန်းကလေးဘက်မှ ပျက်ကွက်ပါက ယောကျ်ားလေးအားကြေးလင်ပန်းတစ်ချပ်၊ ပိုးလုံချည်တစ်ထည် ပိုးခါးပတ်ကြိုးတစ်ချောင်းနှင့် ပိုးခေါင်းပေါင်းတစ်ထည်တို့ကို ပေးလျော်ရပါသည်။ အကြောင်းမှာတစ်ရွာသူသည် စေ့စပ်ထားသည့် ဆိုင်သူအားကွာရှင်းပြီးမှသာလျှင် လက်ခံလေ့ရှိသော ကြောင့် ဖြစ်ပါသည်။ သားဖြစ်စေ သမီးဖြစ်စေ မိခင်အားဖွင့်ပြော ကြပါသည်။

ထို့နောက်သားရှင်သည်ခေါင်ရည်အိုးကိုပလိုင်းထဲသို့ ထည့်ပြီးဆွေမျိုးအကြီးအကဲများ၊ ရွာခံကာလသားခေါင်းဆောင် များနှင့် အတူမိန်းကလေးမိဘထံသို့သွားကြရပါသည်။ မိန်းကလေးရှင်ဘက်မှ သဘောတူလက်ခံလျှင် ခေါင်အိုးဖေါ်ထားပြီး ကြက်တစ်ကောင်နှင့်

ညှော့ခံလေသည်။ ထို့နောက် သတို့သားဘက်မှ ကာလသား ခေါင်းဆောင် နှင့် သတို့သမီး ဘက်မှ ကာလသားခေါင်းဆောင်တို့ ရွာဝင်ကြေးအတွက် ဆွေးနွေးကြပါသည်။ တင်တောင်းရမည့် ပစ္စည်း အရေအတွက် နှင့် ပွဲလမ်းသဘင်များအတွက် ကျွေးမွေးရမည့် ဝက် အကောင်ရေကိုပါ တပါတည်းသတ်မှတ်ကြပါသည်။စေ့စပ်ပွဲ အထိမ်း အမှတ်အဖြစ်ယောကျ်ားကလေးဖက်မှစရံပေးသောအခါ မိန်းကလေး ဘက်မှ ဂျပ်ခုတ်ပုဆိုး၊ အင်္ကျီစတို့ကို စရံပြန်ပေးလေ့ရှိပါသည်။

## လက်ထပ်ထိမ်းမြားခြင်း

အရှိုချင်းတို့၏ လက်ထပ်ထိမ်းမြားခြင်းကို လေ့လာသော အခါ မိန်းကလေး (၁၈)နှစ်နှင့်အထက် ယောကျ်ားလေး (၂၀)နှစ် နှင့် အထက်တွင် လက်ထပ်ထိမ်းမြားကြပါသည်။ လက်ထပ်ထိမ်းမြား ခြင်း သည် အောက်အူလှီးခေါ် အမေဘုရား သတ်မှတ်ပေးခြင်းဖြစ် သည်ဟု ယုံကြည်ကြပါသည်။ သမီးပျိုမိန်းကလေးများသည် မိဘတို့ သဘောအတိုင်းမဟုတ် အစ်ကိုမောင်တို့၏ သဘောအတိုင်း ၎င်းတို့ ၏ စီမံမှုအောက်တွင် လက်ထပ်ခြင်းကို လိုက်နာရပါသည်။

ထိုကြောင့်သမီးမိန်းကလေးမွေးသည်နှင့် အစ်ကိုတစ်ယောက် ၏စီမံမှုအောက်အပ်နှံကြပါသည်။ အစ်ကိုမောင် မရှိခဲ့ပါက ကြီးတော် ၏သားတစ်ဦးဦး၏စီမံမှုအောက်အပ်နှံကြပါသည်။ထို့ကြောင့် မင်္ဂလာ

ကိစ္စတွင် အစ်ကိုတော်များ၏ သဘောတူ မတူ အပေါ်တွင် မူတည် နေပါတော့သည်။



အရှိုချင်းတို့သည် မင်္ဂလာပွဲကို သုံးကြိမ်ကျင်းပကြ ပါသည်။ မင်္ဂလာပွဲကို သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော် လများတွင်

ရက်ကောင်းရက်မြတ် ရွေးချယ်ပြုလုပ်ကြပါသည်။ ပြာသိုလနှင့် ဝါတွင်း ကာလတွင် မဆောင်ကောင်းဟု အယူရှိပါ သည်။ တပို့တွဲလ တွင်လည်း ရက်ကောင်းရက်မြတ်ရွေးပြီး မင်္ဂလာဆောင်ကြပါသည်။

မင်္ဂလာရက်သတ်မှတ်ပြီးနောက် ခေါင်ရည်ထည့်ခြင်း များကို ကြိုတင်ပြင်ဆင်ကြပါသည်။ မင်္ဂလာရက်မရောက်မီ ယောကျ်ား လေး ဘက်မှ နှုတ်ဖြင့်လိုက်လံ ဖိတ်ရပါသည်။ ဖိတ်စာ နှင့်မဖိတ်ရဘဲ လူကိုယ်တိုင်လိုက်ပြီး ခေါင်ရည်ဖြင့် ဖိတ်မန္တက ပြုလုပ်ကြရသည်မှာ ထုံးစံဖြစ်ပါသည်။ ရွာထဲသို့ဝင်ရောက်သည့် အခါမိန်းကလေးမှ နီးစပ် သူများက လမ်းကို ဆီးတားပြီး ခေါင်ရည် တောင်းလေ့ရှိပါသည်။ ယောကျ်ားလေးဘက်မှ မိန်းကလေးအိမ် သို့ညနေပိုင်းအချိန်ရောက် လာလျှင်လူစုံထမင်းအဖြစ် ညစာကျွေးမွေ့ခံသည့် အလေ့လည်းရှိ ပါသည်။

## ဝက်သည်းကြည့်မင်္ဂလာ

ဝက်အသည်းကြည့်မင်္ဂလာကို နံနက်စောစော ခေါင်ရည်အိုး နှစ်လုံးဖြင့် ပြင်ဆင်ရပါသည်။ ပထမခေါင်အိုး၊ ဒုတိယအိုး အနားတွင် ရေအိုးတစ်လုံးစီ အသင့်ထားပြီး ခေါင်ရည်အိုးပေါ်တွင် ဝါးညှပ် တစ်ခု တင်ပြီး ဝါးညှပ်၏ အစွန်းတစ်ဖက်စီတွင်ပလူတန် တစ်ချောင်းစီ ညှပ်ထားရပါသည်။ အလယ်တွင် ဝါးဖြင့်ပြုလုပ် ထားသည့် တံခွန်၊ ကုက္ကားစိုက်ထားပါသည်။ အပြင်ပလူတံသည် ယောကျ်ားလေးနှင့်

ဆိုင်ပြီး အတွင်းပလူတံသည်မိန်းကလေးနှင့် ဆိုင်ပါသည်။ မိဘများမှ စတင်ပြီး ပလူတံဖြင့်ခေါင်ရည်ကိုစတင်စုပ်ယူသုံးဆောင်ကြပါသည်။ ပထမအိုးထိုးနည်းအတိုင်း စုပ်ယူသုံးဆောင်ကြပြီးနောက် ဒုတိယအိုး လည်း ထိုနည်းအတိုင်း သုံးဆောင်ကြပါသည်။

ဝက်အသည်းကြည့်မည့် ဝက်(ခေါင်ဝက်) ပဆန်းဆရာသည် တစ်ညလုံး ရွတ်ဖတ်ပြီး ဝက်အသည်းကောင်းမွန်စေရန် နိမိတ် ဖတ် ပေးခြင်းဖြစ်ပါသည်။ ထို့နောက်ၚင်းခေါင်ဝက်ကို ရေဖြင့်စင် အောင် ဆေးပြီး တုတ်ဖြင့်ထုသတ်ရပါသည်။ အသည်းကို မထိခိုက် စေရန် သတိပြုရသည်။ ထို့နောက်ရင်ကိုခွဲပြီးပဆန်းဆရာက ကြည့်ပါသည်။ အသည်း နီရဲနေလျှင် အတိတ်နိမိတ်ကောင်းသည် ပန်းရောင်ရှိလျှင် အိမ်ထောင်သက် ရှည်မည်၊ သည်းခြေမောက်ပြီး ကြီးနေလျှင် သတိုး သားနှင့် သတို့သမီးအတွက်ကောင်းသော အတိတ်နိမိတ် ဖြစ် သည်။ မိရှင်ဖရှင် ဂုဏ်ရှိသည်ဟုလည်း ယူဆကြပါသည်။ ဖွံ့ဖြိုးကြွယ်ဝ မည်၊ ကောင်းစားမည်၊ အသဲတဖက်အမွှာမှာ အကြောင်းနှစ် ကြောင်း ရှိ လျှင် ရွာလယ်လမ်းကောင်း မည်ဟုယူဆကာ မင်္ဂလာပွဲ အောင်မြင် လေသည်။

အကယ်၍ ဝက်အသည်းမကောင်းလျှင် သည်းခြေအနီးရှိ အသားဖတ်ကလေးထောင်နေမည်ဆိုလျှင် မင်္ဂလာပွဲတွင် ရန်ဖြစ် မည်။ ဝက်အသည်းကန့်လန့်၊ အစက်အပြောက်နှင့် မကောင်းမိစ္ဆာ အရုပ်သဏ္ဍာန်ရှိလျှင် ဒုတိယဝက်တစ်ကောင်ကို ရေလောင်းပြီး ထု

သတ် ကြရပြန်လေသည်။ ထိုနည်းတူ မင်္ဂလာပွဲ မအောင်မြင်မခြင်း ဆက်လက်လုပ်ဆောင်ကြပါသည်။ သုံးကြိမ် ဆက်တိုက် မအောင်မြင် ဟုယူဆပါက မင်္ဂလာပွဲဖျက်သိမ်းပြီး ယောကျ်ားလေးက မိန်းကလေးအား ဝမ်းနည်းသည့်အမှတ် လက္ခဏာဖြင့် တဘက်တစ်ထည်နှင့် အဝတ်တစ်စုံကိုပေးရ ပါသည်။ ဝက်အသည်း ကြည့်သည့်အခါ မောင်လုပ်သူသည် ပဆန်းဆရာနှင့်အတူကြည့်ရပါသည်။မောင် လုပ်သူမကျေနပ် သမျှထပ်ပြီး ခေါင်ဝက်ကိုသတ်ပြရပါသည်။ ပဆန်းဆရာက ဖျောင်းဖြပြီး မောင်လုပ်သူ ခေါင်းညိမ့်စေရန် ပြောဆိုပေးရပါသည်။ ထိုသို့မောင်လုပ်သူက သဘောကျမှသာလျှင် သတို့သားဘက်မှ မင်္ဂလာအောင်ပွဲအတွက် ဖုံမောင်းတီးပြီး ကခုန်ကြပါတော့သည်။

ထို့နောက် ပဆန်းဆရာသည် မိန်းကလေးဘက်သို့ အပ်လိုက်ပါသည်။ မိန်းကလေးရှင်သည်အမေ၏မောင်ဖြစ်သူ ဦးလေးအား ဝက်ပေါင်တစ်ဖက်ကို ပေးအပ်ရပါသည်။ ကျန်သောအပိုင်းကို ဆွေမျိုးများအားကျသရွေ့ဝေငှပေးရပါသည်။

ခေါင်ဝက်မဟုတ်သောဝက်သားကို လာသည့်ဧည့်သည်များအား ဧည့်ခံ ကျွေးမွေးလေသည်။ သတို့သားဘက်တွင်မူ ကြက်ပေါင်တစ်ခုကိုသာဆိုင်ရာသူ့ဝေစုအဖြစ်ရသည်။မိန်းကလေးဘက်မှလက်ဆောင်တုံ့ပြန်သည့်သဘောပင်ဖြစ်ပါသည်။ ထိုသို့ အားဖြင့် ဆိုင်ရာဆိုင်ရာဧည့်သည်များကို မိန်းကလေးဘက်မှ ဝက်သားဖြင့် လည်းကောင်း

ယောကျ်ားလေးဘက်မှကြက်သားဖြင့်လည်းကောင်း ကျွေးမွေးဧည့်ခံလေသည်။

## မင်္ဂလာလတ်နှင့်မင်္ဂလာကြီး

ငင်းနောက် ဒုတိယအကြိမ်မင်္ဂလာလတ်ကို ပြုလုပ်ကြ ပြန်သည်။ မင်္ဂလာလတ်မှာကား ထုံးစံစောင့်သည့် သဘောဖြင့် စတိမျှသာ ပြုလုပ်ကြပြီး ယောကျ်ားလေးဘက်မှမိဘတို့၏ပစ္စည်း အင်အား အခြေအနေပေါ်မူတည်၍ ကျွေးမွေးမှုများပြု လုပ်ကြသည်။ နောက်ပိုင်းတွင် ဝက်သည်းကြည့်မင်္ဂလာ၊ မင်္ဂလာလတ်နှင့် မင်္ဂလာကြီးကို တပြိုင်တည်းပြုလုပ်လာကြ ကြောင်း သိရှိရပါ သည်။

မင်္ဂလာကြီးဆိုသည်မှာ ဝက်သည်းကြည့်မင်္ဂလာ၊ မင်္ဂလာလတ်တို့ပြီးသောအခါမင်္ဂလာဆောင်ရန်အတွက်နေ့ကောင်းရက် သားရွေးကြရလေသည်။ ပဆန်းဆရာက တစ်ညလုံးရွတ်ဖတ် သရဆယ်ကာ မင်္ဂလာရက် ရွေးခြင်းမျိုးဖြစ်သည်။ သတ်မှတ်ရက် သို့ရောက်သောအခါညဉ့်ဦးယံတွင်မင်္ဂလာဆောင်ရန်သတို့သားကို ခေါ်ဆောင်ပြီး ပဆန်းဆရာက ရှေ့ဆုံးမှ ဦးဆောင် ကာ တင်ပစ္စည်းများနှင့်အတူစီတန်းကာသတို့သမီးအိမ်သို့သွားကြရသည်။ သတို့သမီးအိမ် ရောက်သောအခါ ဥစ္စာရှင်က မင်းတစ်ပါး၊ ပညာရှင်ကမင်းတစ်ပါး၊ သမီးရှင်ကမင်းတစ်ပါးဟု ဆိုပြီး သမီးရှင်က ဂုဏ်ဖော်ကာ ဘိသိတ်မင်္ဂလာတောင်းရသည်။

## မင်္ဂလာတင်ပစ္စည်း

ရှေးအခါကမင်္ဂလာကြေးအဖြစ် ပေးရသော ပစ္စည်းများမှာ ကြေးပြား၊ ကြေးအိတ် (ကြေးစေ့တတ်ထားသောလွယ်အိတ်) ထောင်ဘို့၊ အောင်လံ(သံနှင့်ပြုလုပ်ထားသောလှံတစ်မျိုး)၊ ကြက်ဥခုနစ်လုံးစီထည့်ထားသော ခြင်းငယ်နှစ်လုံး၊မနောလင်ပန်း၊ကြေးလင်ပန်း၊ ခေါင်ဖူးနှင့် သတို့သမီး၏မိခင်(ယောက္ခမ)အတွက် ခေါးမတစ်ချောင်း၊ ခေါးရှည်တစ်ချောင်းနှင့် ဝက်၏တင်ပါးဆုံကို သတို့သမီး၏မောင် (ယောက်ဖ)ကို ပေးရသည်။ သတို့သမီး၏မောင်သည် မင်္ဂလာပွဲတွင် အရေးပါလှပေသည်။ မောင်မရှိလျှင် လယ်တစ်ခွဲပေးကာ မောင်အစား မွေးစား လေ့ရှိသည်။ သတို့သားဘက်မှ ငွေသား(၁၅၀၀ ကျပ်)ကိုလည်း မင်္ဂလာစရိတ်အဖြစ် ပေးရသည်။ သတို့သားဘက်မှ ဝက်ဖုတ်ပြီးသတို့သမီးဘက်မှကြက်ဖုတ်ရသည်။ မင်္ဂလာပွဲတွင် အောင်လံကို အောင်ဘိသိတ်မြောက်ရာတွင် အသုံးပြုသည်။

## ဘိသိတ်မင်္ဂလာတောင်းခြင်း

ဘိသိတ်တောင်းခြင်းကို သတို့သမီးအိမ်တွင် ကျင်းပ သည်။ မင်္ဂလာဆောင်အခမ်းအနားသို့သတို့သားဘက်မှ ယူလာသော ပစ္စည်းများကို စနစ်တကျထားပြီး သတို့သားဘက်မှ စဥ့်အိုးတစ်လုံးအပါ အဝင်ခေါင်အိုးများကို (အနံ့)လိုက်စီ၍ချထား သည်။ ခေါင်အိုးများ၏

တစ်ဖက်ခြမ်း အတွင်းအခန်းများရှိရာဘက်မှ သတို့သမီး၏ မိဘဆွေမျိုးများထိုင်သည်။ သတို့သမီး၏ မိဘဆွေမျိုးများအား အတွင်းလူအဖြစ် သတ်မှတ်သောကြောင့် အတွင်းဘက်ခန်းဘက်မှ ထိုင်ခြင်းဖြစ်သည်။ သတို့သားဘက်မှ ဆွေမျိုးများအား အပြင်လူအဖြစ် သတ်မှတ်ကာခေါင်အိုး၏ကျန်တစ်ဖက်(အပြင်ဘက်မှ)ထိုင်စေသည်။ သတို့သမီးဘက် မှပလူတံ(ဝါးဖြင့်ပြုလုပ်ထားသောပိုက်တံငယ်) နှင့် ခေါင်ရည်များကို အရင်သောက်ရန် သတို့သားဘက်မှအလှည့်ကျ ခေါင်ရည်ထည့်ပေးရသည်။ ပထမဦးစွာ သတို့သမီး၏ ဘကြီးခေါင်ရည်သောက်ရာတွင် သတို့သားဘက်မှခေါ်လာသော ပဆန်းဆရာက ခေါင်ရည်ကို စဥ့်အိုးအတွင်းထည့်ပေးရသည်။

ဒုတိယအနေနှင့် သတို့သမီး၏ဖခင်သောက်ရန် သတို့သား၏ဖခင်က စဥ့်အိုးတွင်ပင် ခေါင်ရည်များထည့်ပေးရသည်။ တဖန်သတို့သမီး၏မိခင်သောက်ရန် သတိုးသား၏မိခင်က ခေါင်ရည်များကို ခေါင်အိုးတွင် ထည့်ပေးရသည်။ ထို့နောက် သတို့သမီး၏ မောင်သောက်ရန် သတို့သားကခေါင်အိုးတွင်ပင် ခေါင်ရည်များထည့်ပေးရသည်။ မင်္ဂလာပွဲတွင် ယောက်ဖသည် မပါမဖြစ်အရေးပါလှသဖြင့် သတို့သမီးတွင် မောင်မရှိပါက လယ်သီးစားတစ်ဝက် ပေးပြီး မောင်ကိုမွေးစားရသည်။ ထို့နောက် မှ အဖွား၊ ဒေါ်လေးရှိပါက သင့်သလိုပါဝင်ပြီးသောက်နိုင်သည်။သတို့သမီးဘက်မှခေါင်ရည် သောက်

ပြီးသောအခါ ဖေါ်ပြပါအစီအစဉ်အတိုင်း သတို့သားဘက်မှ ခေါင်ရည်များ သောက်ကြ ပြန်သည်။

ဤသို့ခေါင်ရည်များအပြန်အလှန်သောက်ကြပြီး တစ်ညလုံး ပဆန်းဆရာက ရွတ်ဖတ်မှုများပြုလုပ်ကာ ကပွဲသဘင် ကိုလည်း ယောကျာ်းလေးသတ်သတ် မိန်းကလေးသတ်သတ် ညလုံးပေါက် ကျင်းပကြပါ သည်။ နောက်တစ်နေ့ နေမွန်းတည့် (၁၂)ထိုးသည်နှင့် ဘိသိတ် မင်္ဂလာတောင်းပွဲဆုံးကာ သတို့သမီးကို အိမ်သို့ခေါ် ဆောင်သွား ကြပါတော့သည်။

## ဘိသိတ်ပေးခြင်း

မင်္ဂလာဘိသိတ်ပေးပွဲကို သတို့သားအိမ်တွင် ပြုလုပ်သည်။ ပဆန်းဆရာက ကြက်တစ်ကောင်ကို လည်ပင်းမှဆုပ်ကိုင်ပြီး သတို့သား သတိုးသမီးရှေ့တွင် မင်္ဂလာပွဲအောင်မြင်မှုရှိမရှိ အဓိဋ္ဌာန်ပြုကာ ပဋ္ဌာန်းရွတ်ရသည်။ ကြက်သေသွားပြီးညာခြေက တင်လျှင် ယောကျာ်းနိုင်သည်။ ဘယ်ခြေတင်လျှင် မိန်ကလေး နိုင်သည်။ အတူဖြစ်နေလျှင် မောင်နှင့်နှမ ညီမျှစွာ နေသည်ဟူ၍ မင်္ဂလာဘိသိတ် အဖြစ်ပြုလုပ်ကြသည်။ သေပြီးသောကြက်ကို ခေါင်းမှစပြီး တစ်ခြမ်းစီခွဲပြီး ချည်မျှင်(လေးတောင်ကျော်)ကို ခလယ်မှဖြတ်ကာ ကြက်တစ်ကောင် တစ်ခြမ်းစီနှင့်အတူ သတို့သား သတို့သမီး တစ်ပုံစီကိုင်စေပြီး

နောင်အခါတွင် ကွာစေကွင်းစေမရှိစေရန် မင်္ဂလာဘိသိတ်ပေး ပြန်သည်။

အကယ်၍ ကွာရှင်းလိုလျှင် သတို့သမီးက မိမိ၏မိဘအိမ်သို့မိမိသဘောအတိုင်းမပြန်ရဘဲ မိရှင်ဖရှင်ထံ ပြန်လိုကြောင်း အာမခံအဖြစ် သက်သေဖြင့် ခေါင်ဗူးထည့်ကာ သွားကြရသည်။ ထိုအခါသမီးရှင်က ကြက်ကိုထက်ခြမ်းခွဲပြီး ကွာစေကွင်းစေ မရှိစေရန် ဘိသိတ်ပေးထားသော မိန်းကလေး ဖြစ်ကြောင်း သမီးဂုဏ်ဖေါ်ကာ ယောကျ်ားလေးဘက်ကို လျော်ကြေးအဖြစ် ဝက်ဖုတ်စေသည်။ သို့သော်ယောကျ်ားလေး ဘက်မှလိုရာကို ဖြည့်ဆည်းပေးပြီး ကွာစေကွင်းစေဟူ၍ မရှိရပေ။ အရှိုချင်းလူမျိုးများသည်တစ်လင်တစ်မယားစနစ်ကို သုံးကြသည်။

မင်္ဂလာလက်ဖွဲ့အဖြစ် အသုံးအဆောင်ပစ္စည်းလက်ဖွဲ့ မရှိသကဲ့သို့ ငွေသားများလက်ဖွဲ့ရာတွင် မောင်းထောင်ခွက်တွင် ထည့်ပြီး မည်သူက မည်မျှလက်ဖွဲ့သည်ကိုကြေညာပြီးမှလက်ခံကြသည်။ ဤသို့ ကြက်တစ်ကောင်နှင့် ဘိသိတ်ပေးပြီးလျှင် သတိုးသမီးအား ချည်မျှင်နှင့်လက်ကိုရစ်ပေးကာ သတိုးသား၏ မိသားစုယူခုန် ဝင်အဖြစ် သတ်မှတ်လိုက်ခြင်းဖြင့် မင်္ဂလာ ပြီးဆုံးလေသည်။

## ရှောင်ခလေ့နှင့်ဆောင်ခလေ့

သတို့သား၊ သတို့သမီးတွင် မင်္ဂလာဘိသိတ်ပေးပြီးမှ သတို့သမီးသည် သတို့သားအိမ်မှရေကို သောက်နိုင်သည်။ ထို့ကြောင့် ထိုသို့မပြုလုပ်ခင် သောက်ရန်ရေထည့်ပေးလိုက်ရ သည်။ သတို့သမီးသည် သတို့သားအိမ်ရောက်ပြီး သုံးရက်ကြာမှ မိဘအိမ်သို့ အလည်အပတ်သွားနိုင်ပြန်သည်။ ထိုသို့ပြန်လျှင်လည်း ခေါင်ရည်၊ ကြက်ဥအစ ရှိသည်တို့ကို ယူဆောင်သွားရသည်။ သတို့သားဘက်မှဖုတ်သော ဝက်သားကို သတို့သမီး ဘက်မှ စားရပြီး သတို့သမီးဘက်မှ ဝက် သားမစားရပေ။

သတို့သားဘက်မှဖုတ်သော ကြက်သားကိုလည်း မရောရပေ။ လာရောက် ချီးမြှင့်သည့် ဧည့်သည်များမှာလည်း သင့်ရာနေရာတွင် အစားအသောက်များအား သုံးဆောင်နိုင်ပါသည်။ ထို့ကြောင့် အရှိလူမျိုးတို့၏ အိမ်ထောင်ဘက် လက်ဆက်ထိမ်းမြားခြင်း ဆိုင်ရာဥပဒေ များကိုလည်း နောင်လာမျိုးဆက်တို့အနေဖြင့် ဆက်လက်ကျင့် သုံးခြင်းအားဖြင့် ကာကွယ်စောင့်ထိန်းရန် အရှိချင်း အမျိုးသားတိုင်း အမျိုးသမီးတိုင်းတွင် တာဝန်ရှိလှပေသည်။

# လူရှိုင်းတိုင်းရင်းသားတို့၏ ကြပ်ကြာကုပ်ပွဲ(Chapchar Kut)

ကြပ်ကြာကုပ်ပွဲတော်သည် လူရှိုင်းတို့၏ ပွဲတော်သုံးမျိုး အနက် ယခုတိုင်နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပ ဆဲဖြစ်သော ပွဲတော်ဖြစ်သည်။ အခြားပွဲတော်ဖြစ်သော မင်းကုပ် (Min Kut) နှင့် ပေါလ်ကုပ် (Pawl Kut) တို့ကိုမူ ဆက်ကျင်းပ ခြင်း မရှိတော့ပါ။ မင်းကုပ်သည် ကွယ်လွန်သူများကို ရည်စူးကျင်းပသော ပွဲဖြစ်၍၊ ပေါလ်ကုပ်မှာ အဓိကအားဖြင့် ကလေးများအတွက် ကျင်းပ သောပွဲတော်ဖြစ်သည်။ ကောက်သစ် ပေါ်ချိန်ကျင်းပလေ့ရှိ၍ လူငယ် လူရွယ်များ၊ လူကြီးများလည်း ပါဝင်ပျော်ရွှင်ကြသောပွဲ ဖြစ်ခဲ့သည်။

လူရှိုင်း(ခေါ်) လူရှေမျိုးနွယ်စုတို့သည် (၁၃)ရာစုနှစ်ဦး ပိုင်း တွင်ကဘော်တောင်ကြားဒေသမှချင်းတောင်(ယခုချင်းပြည်နယ်)သို့ ထွက်ခွါသွားကြသည်ဟု သိရှိရပြီး ချင်းတောင်တွင် နေထိုင်စဉ် ဆိုခဲ့ ပြီးသောပွဲတော်များကို စတင် ကျင်းပခဲ့ကြသည် ဟုလေ့လာသိရှိရ ပါသည်။ ချင်းတောင်တန်း တွင် တောင်ယာစိုက် ပျိုးခြင်းကို အဓိက လုပ်ကိုင်ကြသည်။

တောင်ယာလုပ်ငန်းတွင် ရွှေ့ပြောင်းစနစ်ဖြင့် စပါးစိုက်ပျိုး သောအခါ မတ်လနှောင်း(သို့) ဧပြီလဆန်းတွင် တောများကို ခုတ်



ဦးလားလ်ကျန်းလျံနာ(ဥက္ကဋ္ဌ)၊ လူရှိုင်းစာပေနှင့်ယဉ်ကျေးမှုအသင်း၊
ဦးလားထောင်ထန်း၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး နှင့်
ဒု-ခရိုင်အုပ်ချုပ်ရေးမှူးတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်

ထွင်ရှင်းလင်းရသည်။ ခုတ်လှဲထားသောအပင်များကို Chap ဟု ခေါ်၍ ယင်းသို့အခြောက်လှမ်းသောကာလကို Chapchar ကာလဟု ခေါ်ကြသည်။ ဤအချိန်သည် တောင်ယာလုပ်ငန်းလုံး၀ နားချိန်၊ အားလပ်ချိန်ဖြစ်သည်။ ကြပ်ကြာကုပ်ပွဲတော်သည် ဤကြပ်ကြာကုပ်ကာလတွင်ကျင်းပသောပွဲ(Kut)ဖြစ်သဖြင့်ကြပ်ကြာကုပ် (ပွဲတော်)ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

ရှေးအဆိုအရ အေဒီ၁၄၅၀-၁၇၀၀ကာလတွင် (အချိန်ကာလ အတိအကျမသိရ)Kawlni မျိုးနွယ်သူကြီးက ယင်းခေတ်က ထင်ရှားသော ရွာကြီးတစ်ရွာဖြစ်သည့် Suaipuiရွာကို အုပ်ချုပ်ခဲ့သည်။ ယင်းခေတ်က လူငယ်လူရွယ်ကာလသားများက တန်ဖိုးထားကြ သော အရာများမှာ ခွန်အားဗလကြီးမားခြင်း၊ တိုက်ရေးခိုက်ရေး ကျွမ်းကျင်ရေးတို့ဖြစ်သည်။ လူငယ်ကာလသားများ ထူးချွန်ထက်မြက်လျှင် ဂုဏ်သတင်းကျော်စောသည်။အုပ်ချုပ်သူရွာသူကြီး ဂုဏ်တက်သည်။ စစ်တိုက်ထွက်ရန်၊ အမဲလိုက်ရန် အရေးကြုံလာပါက ရွာသူကြီး(သို့) သူ၏သားက ဦးဆောင်လေ့ရှိသည်။

နွေဦးကာလတစ်ခုသော နံနက်ခင်းတွင် ရွာသူကြီးက ရွာရှိ အမဲလိုက်ကျွမ်းကျင်၍ ဖြတ်လတ်သောလူငယ်များ၊မုဆိုး ကျော်များ




ဥက္ကဋ္ဌမှ အဖွင့်မိန့်ခွန်းပြောကြားစဉ်

D/mai than myint

ကို ခေါ်ယူစုရုံးသည်။ သားကောင်များကျက်စားရာ တောနက်ထဲထိ သွား၍ အမဲလိုက်ကြရန်ဖြစ်သည်။ သို့ဖြင့် ပြောင်း ချောသေနတ်များ၊ လှံများ၊ဓါးများကိုင်ဆွဲ၍ ထွက်သွားကြသည်။ ယမ်းလည်း အလုံ အလောက် ထည့်သွားကြသည်။

အမဲလိုက်ရာ၌ ရိက္ခာအဖြစ် ပါလာသော ဆန်များ ကုန် သည် အထိ သို့မဟုတ် သားကောင်ကြီးကြီးမားမား ပစ်ခတ်ရရှိ သည်အထိ ရက်များကြာသွားတတ်သည်။ သို့ဖြင့် တစ်ရက်ပြီး တစ်ရက် အချိန် ကုန် သွားသည်။

ရွာသူရွာသားများက မျှော်လင့်ချက်ကြီးမားစွာဖြင့် သူတို့ ပြန်အလာကို စောင့်မျှော်ကြသည်။ အမဲလိုက်သူများပြန်လာလျှင် အသားများများစားရမည်။ ခေါင်ရည်များသောက်၍ အောင်ပွဲကျင်းပ ကြမည်မဟုတ်ပါလား။ ရွာသူပျိုဖြူတို့က ပို၍စိတ်လှုပ်ရှား ကြသည်။ ကိုလူပျိုတို့တောကောင်ကြီးများရ၍ ပြန်လာပါက ဆင်အနွယ်များ အရိုးများဖြင့် နားကွင်းများ၊ ဘီးများနှင့် အခြားအဆင်အယင်များ ပြု လုပ်ပန်ဆင်ရမည်။ အိမ်သူမများကလည်း အမဲလိုက်မုဆိုးကျော်များ ပြန်လာပါက အမောပြေသောက်ရန် ခေါင်ရည်မပြတ်စေရအောင် အိုးကြီးကြီး များကို ရွေး၍ ခေါင်ရည်ချက်/ သိပ်ကြသည်။

သို့သော် ကံမကောင်းလှစွာ သူကြီးနှင့် သူ၏မုဆိုးကျော် များကို တောကောင်များကို အစိုးရသော သခင်မ Chawngtinlari က မည်သည့်သားကောင်ကိုမျှမပေးပါ။ သူတို့အမဲတစ်ကောင်မျှ မရ။

လက်ချည်းဗလာဖြင့် ရွာပြန်ရောက်လာကြသည်။ ဤကဲ့သို့သော အခြေအနေသည် မျှော်လင့်တကြီးစောင့်မျှော်နေသော ရွာသူရွာသား များရှေ့တွင် အလွန်မျက်နှာငယ်စရာဖြစ်သည်။ အမဲလိုက်ပြန်လာ သူ များ ခေါင်းမဖော်ဝံ့။ စိတ်ဓါတ်အလွန်ကျကြသည်။ ရွာသူများကမ်း ပေး သော အမောပြေခေါင်ရည်ခွက်ကို ယူရန်လည်း လက်တွန့်နေ ကြသည်။




**တာဟန်းလူငယ်မောင်မယ်များမှရိုးရာအကဖြင့်ဖျော်ဖြေစဉ်**

သို့ရာတွင် အကင်းပါးလှသောရွာသူကြီးက အခြေနေဆိုးမှ သူတို့ကိုကယ်လိုက်နိုင်သည်။ သို့ဖြင့်တစ်ဆင့်တက်၍ ယနေ့တိုင် ကျင်းပကြသည့် ကြပ်ကြာကုပ်ပွဲတော် သန္ဓေတည်ခဲ့သည်။

အရက်ကြီးရက်၍ မျက်နှာငယ်နေကြသည့်အခြေအနေကို ကျော်လွှားရန် စားသောက်ပွဲတစ်ခု အလျှင်အမြန်ကျင်းပဖို့ ရွာသူကြီး ကအဆိုပြုသည်။သူကိုယ်တိုင်သူ့ခြံမှအကြီးဆုံးသောဝက်တစ်ကောင် ကိုပေါ်သည်။ အမဲလိုက်ဖော်မုဆိုးကျော်များကိုလည်း တစ်အိမ်ကြက် တစ်ကောင်ဆွဲစေသည်။ အသားများများ၊ခေါင်ရည်တစ်သွင်သွင် ဖြင့် စားပွဲကြီးအထမြောက်သွားသည်။

သို့ဖြင့်စိတ်ပျက်ဝမ်းနည်းမှုများ ပြေပျောက်၍ ပြုံးပျော်လာ နိုင် ကြသည်။လူငယ်များလည်းစိတ်ဓါတ်ပြန်တက်လာကြသည်။ လူငယ် လုံမငယ်များ လက်ချင်းဆက်၍ပျော်မြူးစွာ ဝိုင်းဖွဲ့ကကြသည်။ လက် ခုတ်တီးသီချင်းဆိုပျော်ရွှင်နေကြသည်မှာ အမဲလိုက်သူများ သား ကောင် ကြီးကြီးမားမားရလာသည်ထက် ပိုမိုသည်ဟု ဆိုရလောက် အောင်ဖြစ်သည်။လူတိုင်းအရှုံးကို အပြုံးဖြင့် အစားထိုးလိုက်ကြသည် ဟုဆိုရပါမည်။ထို့ကြောင့်Chapchar Kutပွဲတော်ဖြစ်ပေါ်လာသည်။

ယင်းနှစ်မှစ၍ ထိုသို့သောပွဲကို Suaipui ရွာတွင် နှစ်တိုင်း ကျင်းပကြသည်။ အခြားရွာများကလည်း အလျဉ်းသင့်သလို ထိုပွဲကို နှစ်တိုင်းကျင်းပလာကြသည်။

ပွဲတော်ကာလတွင် အရက်(Zu)၊ ခေါင်ရည်နှင့်အသားများ ကို ယူလာကြ၍ စုပေါင်းစားသောက်ကြသည့်ဓလေ့ ပေါ်ထွန်းခဲ့သည်။

ပွဲကျင်းပချိန်သည် အေးသောဆောင်းရာသီအကုန်၊ နွေဦး ကာလဖြစ်သည်။မပူလွန်းသေး။ တောင်ယာလုပ်ငန်းအနေဖြင့်လည်း ရွှေ့ပြောင်းတောင်ယာစနစ် ဖြစ်သည်နှင့်အညီ တောများကို ခုတ်ထွင် ရှင်းလင်းပြီး၊ ခုတ်လှဲထားသောအပင်များ အခြောက် လှမ်း ချိန် ဖြစ်သည်။ တောင်ပေါ်ဒေသနေအခြားမျိုးနွယ်စုများကလည်းဆိုင်ရာ ဆိုင်ရာပွဲများကျင်းပချိန်လည်းဖြစ်သည်။

ပွဲကာလတွင် အိမ်ထောင်ရေးအဆင်မပြေ၍ ကွဲကွာကြသူ များ၊ အကြောင်းအမျိုးမျိုးကြောင့် မသင့်မမြတ်ဖြစ်ကြသူများအား ပြန်လည်သင့်မြတ်အောင် ဖော်ဆောင်သောပွဲလည်းဖြစ်သည်။

စတင်ကျင်းပစဉ်ကအမဲမရ၍စိတ်ဓာတ်ကျနေသောအမဲလိုက် ထွက်သူများအား စိတ်ဓါတ်မြှင့်တင်ပေးရန်ဖြစ်သော်လည်း နောင် အခါ တွင် ရိုးရာပွဲတော်၊ ယဉ်ကျေးမှုပွဲတော်အသွင် ကျင်းပလာခဲ့ ကြ သည်။ ရိုးရာအဆိုအကများ၊ ခေတ်ပေါ်အဆိုအကများဖြင့် စည်ကား စွာ ကျင်းပလာကြသည်။ အလျဉ်းသင့် သလို စာပေဆောင်းပါးပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများပြုလုပ်၍ ယဉ်ကျေးမှုပြခန်းများ ပြသခြင်းဖြင့် ရိုးရာယဉ်ကျေးမှုကိုဖော်ထုတ်ထိန်းသိမ်းသော ပွဲတော်ဖြစ်လာသည်။ မျက်မှောက်ကာလတွင် လူရှိုင်းတိုင်းရင်းသားတို့၏ ကြပ်ကြာကုပ် ပွဲကို ၁၉၇၂ ခုနှစ် မှစ၍ ကလေးမြို့၊ တာဟန်းရပ်တွင် စတင်

ကျင်းပခဲ့ကြသည်။ ရိုးရာအဆို၊ အက၊ အားကစား(နပမ်း) ပွဲများ ထည့်သွင်း၍ နှစ်စဉ်ကျင်းပလာခဲ့ကြသည်။ သို့ရာတွင် ၁၉၈၇ ခုနှစ်မှစ၍ လုံခြုံ ရေးအကြောင်းပြချက်ဖြင့် သက်ဆိုင်ရာကပွဲကျင်းပ ခွင့်မပေး တော့ချေ။

ခေတ်ကာလပြောင်းလဲလာ၍ ၁၈ နှစ်အကြာ ၂၀၀၅ ခုနှစ် တွင်မှ ပြန်လည်၍စတင်ကျင်းပဖြစ်သည်။

သို့ဖြင့်၂၀၀၁ခုနှစ်တွင်ကလေးမြို့ တာဟန်း ကြပ်ကြာကုပ်ကို ပြည်လုံးကျွတ်အတိုင်းအတာဖြင့် ပထမအကြိမ်ကျင်းပနိုင်ခဲ့သည်။ MITV (Myamar International Telivision) ကိုလည်း ဖိတ်ခေါ် ၍ ပွဲတော်မှတ်တမ်းတင် video ရိုက်ကူးစေခဲ့သည်။ MITV ကလည်း ယင်းမှတ်တမ်းတင် video ကို အကြိမ်ကြိမ် လွှင့်တင်ပြသ ခဲ့ သည်။

ယခုအခါ ကြပ်ကြာကုပ်ပွဲကို လူရှိုင်းစာပေနှင့် ယဉ်ကျေးမှု ကော်မတီ(Lushai/Lusei Leterature and Culture Committee) က ဦးစီးဦးဆောင်ပြု၍ကျင်းပသည်။ ယခု၂၀၁၉ ခုနှစ်၊ဧပြီလအတွင်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ဒုတိယအကြိမ် ကျင်းပခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်းသာမက မန္တလေး၊ ရန်ကုန်ရှိ မိမိတိုင်းရင်း သား များကိုလည်း ဖိတ်ခေါ်ကာ ပြည်လုံးကျွတ်အတိုင်းအတာဖြင့် ကျင်းပ နိုင်ခဲ့သည်။

# တနင်္သာရီမြို့ ၊ နဂါးလှေပွဲတော်

သက္ကရာဇ် ၅၁၄ခုနှစ်၌ တနင်္သာရီမင်းဆက် ဗံက္ကပိတ် ခေါ် မြတ်သော စကြာဝတေးမင်းသည် မှော်စွန်းကြီးမြို့တော်ကို တည်ထောင်ပြီး တစ်နှစ်အကြာတွင် တနင်္သာရီမင်းဆက်အား အမြဲကူညီ ပံ့ပိုးနေသော ဘောဂဝတီတိုင်းမှ နဂါးမင်းကြီးက နန်းတော်သို့ရောက် ရှိ လာပြီး တနင်္သာရီမြစ်ညာအောင်သာရ အရပ်သည်သာ မြို့တော် တည် ရန်သင့်လျော်သဖြင့် မြို့တော်သစ် တည်ဆောက်မည်ဆိုပါက မိမိနှင့် နဂါးအပေါင်းက လာရောက် ကူညီမည်ဖြစ်ကြောင်း ၊ မြို့နန်း တည်ဆောက်ရာသို့ မိန်းမများ ခေါ်မလာရဟု ကတိသစ္စာ ပြုခဲ့ သော် လည်း မိဖုရားခေါင်ကြီးမှ မင်းကြီးအား မြို့တည်ရာသို့ လိုက်ပါရန် ပူဆာသဖြင့် မိဖုရားအား ဖောင်တော်ပေါ်တွင် ဖန်ကြုတ်ဖြင့်စီရင် ကာလျှို့ဝှက်စွာခေါ်ဆောင် လာခဲ့သည်။ မြို့သစ်တည်ရာသို့ ရောက်ရှိချိန်တွင် မိဖုရားကြီးမှာ အတွင်းမှကြည့်ရသည်ကို အားမရဘဲ အပြင်ထွက်၍ ကြည့်သောအခါ ရေထဲမှ ကျောက်တုံးဆယ်ယူနေသော နဂါးကြီးများကို ဘွားကနဲ တွေ့သည့်ခဏ၌ ကြောက်လန့်ခြင်းပြင်းစွာ ဖြစ်၍ အော်ဟစ်ပြီး မေ့မြောခြင်းသို့ ရောက်ရှိလေသည်။ မင်းကြီးလည်းမယားဇော ကြောင့် ပြင်းစွာပူပန်၍ အမျက်ဒေါသထွက်ကာ လက်စွဲတော် ပတ္တမြားစီခြယ်ရွှေသားကွပ်သည့် တြိသူလခရင်းဖြင့် နဂါးမင်းကြီး၏

ဇက်ကို ထိုးချလိုက်သဖြင့် ကံဇာတာညှိုးမှိန်ချိန်ရောက်နေသောနဂါးမင်းကြီးမှာ အတိတ်ရေးပဝေသဏီက ကံကြမ္မာများ အကျိုးပေးခွင့်ရရန် အကြောင်းဖန်၍ ခရင်းသုံးခွတြိသူလလက်နက်ဘေးသင့်၍ သေအံ့မူးမူးသို့ရောက်၏။ နဂါးတိုမျက်စောင်းဖြင့် အကြည့်ခံရသောသူသည် ဖွဲမီးကဲ့သို့ဖြစ်သည် ဟူသော ကမ္မဇိဒ္ဓိ တန်ခိုးကို မသုံးခဲ့ပါ။ ပြုသူအသစ်ခံရသူက အပောင်းဖြစ်သည်ဟု ဖြေသိမ့်၏။

မင်းကြီးလည်းနဂါးမင်းကြီးကို ခရင်းသံလျက်ဖြင့် စိတ်လိုက်မာန်ပါ ထိုးမိသည်ကို ချက်ချင်းသတိသံဝေဂရ၏။ နဂါးမင်းကြီးမှ ဗံစက္ကပိတ်မင်းကြီးအား မြို့နန်းသစ်တည်ရာတွင် သွေးထွက်သံယိုဖြစ် ရလေပြီ။ ဤနေရာတွင် မြို့တည်သော် မင်းဆက် ပြတ်ပေလိမ့်မည်။ မိမိအလောင်းကို စကြာဝဠာဖောင်နှင့်မျော၍ တင်ရာအရပ်တွင် မြို့သစ်၊ နန်းသစ်တည်ပါ။ ယင်းမြို့သည်သာ သားတော်အစဉ်၊ မြေးတော်အဆင့် မြစ်တော်အညွန့်၊အစဉ်အဆက်ထီးသက်နန်း သက်ရှည်ကာ မြို့တော်လည်း စည်ကား မည့်အကြောင်း ပြောဆိုမှာ ကြားပြီး စုတေလေ၏။

မင်းကြီးသည်နဂါးမင်းကြီး၏အလောင်းတော်ကို စကြာဝဠာဟု အမည်ရသောဆန်းကြယ်သည့် ဖောင်ကြီးဖွဲ့၍ တနင်္သာရီမြစ်ကြောတစ်လျှောက် မျှောလေရာနဝထပ်တောင်၌ တင်မည်ကဲ့သို့

ကပ်၏။ ထို့ကြောင့် နဂါးကပ်တောင်ဟုတွင်၏။ ယင်းမှရေထိုးသဖြင့် ကွာပြီး အောင်တော်မူကုန်းမှော်ရှေ့မှ သမန္တကုဋ္ဋတောင်ရှိ ပါဒစက်တော်ရာကို ဦးတိုက်မျှောလာပြီး တနင်္သာရီမြစ်ဆုံ ခရင်း သေဝတ်ဆင်လေသာတောင်ခြေကျောက်ဆောင်အငူစွန်းဝယ်ကြီးစွာ တင်ပြန်လေသည်။ ဤနေရာကို နဂါးမော်ဟုတွင်၏။ မင်းကြီး၏ နောက်ဆုံးမှာကြားချက်အတိုင်း နဂါးမင်းတင်ပြသော နေရာတွင် သာသနာတော်သက္ကရာဇ် ၁၆၉၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၅၁၅ ခုနှစ်တွင် မြို့နန်းတည်၏။

## ရည်ရွယ်ချက်

မိတ်ဆွေရင်းနဂါးမင်းကို လွမ်းဆွတ်တမ်းတမိသည်ဖြစ်၍ နဂါးမင်းကပ်သည့်နေရာ၊ တင်ပြနေရာတို့တွင် ရွှေလှေ၊ ရွှေလောင်း တို့၌ နဂါးမင်းပုံဦးခေါင်း၊ အမြီးတပ်ဆင်ကာ အမှတ်တရထား၏။ နဂါးမင်းကြီးကူညီခဲ့သော မိမိအသက်ကို ရန်မရှာခဲ့သော သူတော် ကောင်းအလောင်းအလျာ ပါရမီဖြည့်သူဖြစ်၍ နဂါးမင်းကြီး ပုံတော် ဖြင့် နိုင်ငံတော်အလံ၊ နိုင်ငံသုံး ဒင်္ဂါးများ၊ နိုင်ငံသုံးခွက်များတွင် ပြုလုပ်ဂုဏ်ပြု၏။ နဂါးမင်း စုတေသော တန်ဆောင်မုန်းလပြည့်နေ့ ရက်တွင် ကြီးစွာသော ကုသိုလ်ဒါနပြု အမျှဝေ၏။ ဤနဂါးလှေ ပွဲ၌ နောင်တော်ဘုရား၏ အမိန့်အာဏာကို ညီတော်များက သစ္စာပြု ဇော ခေါ်ဆိုပြုပြင်ခွင့် ရ၏။ မိဖုရားကြီးမှာလည်း မိမိကြောင့်ဖြစ်ရသော

အကြောင်း အရင်းကြောင့် နဂါးတောင်ဝယ်စေတီကြီးစွာတည် တော်မူ၏။ မင်းကြီးသည် နဂါးမင်းကြီးအား လက်ဦးမှုရယူ ထိုးသတ်ခဲ့မိ၍ စိတ်မချမ်းသာမှုကို နေ့စဉ်ညဆက် ခံစားလာခဲ့သဖြင့် နဂါးမင်းကြီး အတွက် အလှူအတန်းများစွာပြုပြီး အမျှပေးဝေရန်အတွက် တန်ဆောင်မုန်း လပြည့်နေ့တွင် နဂါးမင်းကြီးပုံတော်ပြုလုပ်ထား သော လှေတော်၊ ဖောင်တော်များဖြင့် ဗုဒ္ဓဆင်းတုတော်ကြီးငယ် မျိုးစုံ၊ တရားတော်စာပေများ၊ ဆွမ်း၊ သင်္ဃန်း၊ ဆေးဝါးများနှင့် နဂါးမင်းတံဆိပ်များ တင်ဆောင်ပြီး နယ်အဝေးမြို့ရွာများရှိ သံဃာ တော်အရှင်များထံ ပို့ဆောင်လှူဒါန်းခြင်းတို့ကို ပြုလုပ် ကျင်းပရန် လျှောက်တင်ခဲ့သဖြင့် သက္ကရာဇ် ၅၁၅ ခုနှစ် စတင်၍ နိုင်ငံတော် အခမ်းအနားဖြင့် ကျေးဇူးသိအမှတ်တရ ကုသိုလ်ရေး အတွက် အစဉ်အလာမပျက် နှစ်စဉ်နဂါးလှေပွဲတော်အား ကျင်းပလျှက်ရှိပါ သည်။

## **နဂါးလှေတော်တည်ဆောက်ခြင်း**

နဂါးလှေတော်ထွင်းရန် သစ်များကိုတောနက်ထဲသို့ဝင်၍ ရှာရခြင်း၊ နဂါးလှေထွင်းရန်အတွက် လိုအပ်သောသစ်ပင် အရှည်၊ လုံးပတ်အတိုင်းအတာများ မရနိုင်သဖြင့် အချိန်ကြာ မြင့်စွာ စောင့် ဆိုင်း ရပါသည်။ စကားရွှေဝါ၊ စကားစံပွယ်၊ ကောင်းမှုသား စသည့်

သစ်အမျိုးအစားဖြင့်သာ ဦးစားပေးရွေးချယ် ရပါသည်။ ဒေသအခေါ် လှေတော်ခြင်း(လှေထွင်းခြင်း) ကို မျဉ်းဆရာကြီးများ ဟုခေါ်သော နဂါးလှေထွင်းပညာရှင်များ က သစ်ပင်ရွေးခြင်း၊ သစ်လုံးအကဲဖြတ်၊ မျဉ်းရိုက်၊ လှေထွင်း၊ ဝမ်းတော်ကြိုး ဂလိမ်ကြီးနှင့် ဂလိမ်ငယ်ကြိုး များ၊ ခနင်း၊ လှေဖုံး စသည်တို့ကို သံထည်သံစမပါဘဲ သစ်သားစို့၊ ကြိမ်ကြိုးဖြင့်သာ တနသ်ာရီအစဉ်အလာအတိုင်း အဆင့်ဆင့် ပြုလုပ် ရပါသည်။ ရိုးရာပညာရှင်များထွင်းထုသော နဂါးခေါင်း၊ နဂါး အမြီးတို့ကို အမြီးအမောက်တည့်မတ်စွာ ဆင်ယင်ပြီး ပွဲလမ်းသဘင် အဆင့်ဆင့်ဖြင့် ရေခင်းသဘင်ခင်းရပါသည်။ နဂါးခေါင်းနှင့် အမြီးမှာ ဖြုတ်တပ်လုပ်၍ရအောင် အရှင်ထားရပါသည်။ ကိုယ်ထည်ကိုမူ သစ်ပင်တစ်ပင်တည်းဖြင့်သာ ထွင်းယူရပါသည်။ နဂါးလှေ အရွယ် အစားမှာ သစ်ပင်အရွယ်ကိုလိုက်၍ (၁)ဦးစီထိုင် (၁၄)ဦးနင်း သည့် နဂါးလှေတော်ငယ်မှ လူ(၂)ဦးစီထိုင် နဂါးလှေတော်လတ် (၄၂)ဦးစီ နှင့် လူ(၃)ဦးထိုင် (၁၂၀)ဦး ပါဝင်ရာ ရာဇသာရီနဂါး လှေတော်ကြီး အထိ များပြားစွာရှိပါသည်။ ပုံသဏ္ဍာန်နှင့် အချိုးမှာ အားလုံး တူညီ ကြပါသည်။ လှေထိုင်ခုံ (၂၂)ခုံပါလျှင် နို့(၄၀)ပါပြီး နို့ထွင်းပေါက်၍ ကြိမ်နွယ်ဂလိမ်ငယ်၊ကြီး(၂၂)ပင်ဖြင့် ဂလိမ်တိုက်(ကြိုးညှိ)ပြီး စက္ကန်း ကြိမ် ဝမ်းတော်ကြီးဖြင့် နဂါးလှေကြီး တစ်စင်းလုံးကို ကော့၊ ညွတ်၊ ဖြန့်၊ လုံးခြင်းကို ရေအားဖြင့်ချင့်ချိန်၍ ညှိပေးရသည်။ မည်မျှပင် သစ် ပင်ကြီးမြင့်စေကာမူ သစ်ပင်တစ်ပင် တည်းကို နှစ်ခြမ်းခြမ်း ၍ နဂါး

လှေတော်(၂)စီး မထွင်းထုရ။ သစ်ပင်မြင့်၍နှစ်ပိုင်းမယူရပေ။ သစ်ပင်တစ်ပင်ကို နဂါးလှေတော်(၁)စီးသာထွင်းယူရသည်။ နဂါး လှေတော်တစ်စီးတွင်အနည်းဆုံး(၈၀)ပေမှ (၉၀)ပေအထိ ရှည်လျားပေသည်။

## နဂါးလှေတော်လူအင်အားဖွဲ့စည်းပုံ

နဂါးလှေတော်များတွင် တစ်ဦးစီထိုင်(၁၄)ဦးစီးနင်းသည့် နဂါးလှေတော်ငယ်မှ လူ(၃)ဦးစီထိုင်(၁၂၀)ဦးပါ နဂါးလှေတော် ကြီးအထိ နဂါးလှေတော်ပုံသဏ္ဍာန် အမျိုးမျိုးရှိရာလူ(၂)ဦးစီထိုင် နဂါး လှေတော်လတ်၏ လူအင်အားဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်–



nyint

(၁) မင်္ဂလာဦးပေါက် (လှေတော်ဦးစီး) ၁ ဦး

(၂) မင်္ဂလာလည်ရွှဲ (ဦးစီးနောက်ထိုင်) ၂ ဦး

(၃) မင်္ဂလာလည်ရွှဲ (ဝဲ/ယာထိုင်) ၂ ဦး

(၄) လှေတော်သား ၂၈ ဦး(လှေပုံးခုံ၁၄ခု)

(၅) နှဲဆရာ၊ဗုံတီး၊ကြေးတီ

(လင်ကွင်း)မောင်း ၄ ဦး(လှေပုံးခုံ ၂ခု)

(၆) ပွဲမာန်စွယ်အကူ ၂ ဦး

(၇) ပွဲမာန်စွယ်(ဝါ)သျှာတက်ကိုင်အကူ

(ပွဲနင်းငယ်) ၂ ဦး

(၈) သျှားတက်(ကျက်သရေတက်)ကိုင်

( ပွဲနင်းကြီး) ၁ ဦး

မင်္ဂလာဦးပေါက်သည် နဂါးလှေတော်၏ ဦးစီးခေါင်း ဆောင် ပဓာနပုဂ္ဂိုလ်ဖြစ်ပေသည်။လှေတော်ဦး(လှေထိပ်ပိုင်း)ရာဇတိုင်နေရာ တွင်ထိုင်ရ၍ ရာဇာဦးပေါက်ဟုခေါ်သည်။ (တနင်္သာရီသစ်သား လှေကြီးများ၏ ထိပ်ပိုင်း(လှေဦး)တွင် ရာဇတိုင်ရှိသည်။ ရာဇာဦး ပေါက်သည် လှေတော်သား အရည်အသွေး(၁၁)ချက် နှင့် ပြည့်စုံ သည့်အပြင် ဩဇာကိတ္တိမရှိခြင်း၊ ကွမ်းထည့် မင်္ဂလာဆောင် သားဦး

ယောက်ျားမွေးသူ၊ မင်္ဂလာဇောများကို နဂါးလှေတော် လှော်ချက်ပြ ရင်းလက်တန်းစပ်ဆိုခြင်း၊ သက်ဆိုင်ရာ ဆရာတော်ကြီး၏ ဦးဆောင်မှုတာဝန်ပေးအပ်ခြင်းခံရသူလည်းဖြစ်ရပေသည်။ ဇောခေါ်ခြင်းသည် မင်္ဂလာဦးပေါက်နှင့် လည်ရွဲများမှ ပြုလုပ်စပ်ဆိုရသည်။ ဇောကို နဂါးလှေထွက်၊ အကွေ့၊ရေစီးကြမ်းအပြင်းလှော်တက်ပြောင်းတို့ကို ဇောဖြင့် ကြိုတင်အသိပေးပြီး ဦးပေါက်လှော်ချက် အတိုင်း အနှေးအမြန် ညီညာစွာလှော်ခတ် ရသည်။

နဂါးလှေတော်၌ လှော်ခတ်သော လှော်တက်အားလုံးကို သျှာတက်(ကျက်သရေတက်)ဟုခေါ်သည်။ ရွှေရောင် ၊ ငွေရောင်၊ ပန်းချီ ကနုတ်များ၊ ကျောက်များစီကာ ခြယ်သနိုင်သည်။ နဂါးလှေတော်အတွင်းမှ မင်္ဂလာတီးဝိုင်းသည် ဦးပေါက်၏ လှော်ချက်အနှေးအမြန်ကိုလိုက်၍ နရီ၊ ဝါးလတ်စသည်ဖြင့် တီးခတ် ရသည်။ ဗုံနှစ်လုံးကိုတွဲ၍ မောင်းသံနှင့်မြိုင်ရသည်။ နဂါးလှေပွဲတွင် မတ်ရပ်သျှာတက်ကိုင်(ပွဲနင်းကြီး)နှင့်ပွဲနင်းငယ်(၄)ဦးသည်လှေတော်ကို ထိန်းရသည်။ အရေးမကြီးလျှင် ပွဲမာန်စွယ်အကူ(၂)ဦးမှာ လှေတော်ကို အဆင်ပြေစွာကွေ့ဝိုက် နိုင်အောင် ခွေ့ခြင်း၊ ကြိုက်ခြင်းဖြင့် အပေးအယူမျှစွာ ရေသဘင် ခင်းကြသည်။ (နဂါးလှေပေါ်တွင် ဖိနပ်မစီးရ၊ အမျိုးသမီးများ မတက်ရ၊ သားငါးများတင်ဆောင်ခွင့်မပြုရ)

နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော်(၄)ရက်နေ့တွင် သာသန ဝုနိပါလချောင်းကြီးကျောင်း၊ မဟာဘုံကထိန်ပွဲတော်တွင် မနက်ခင်း အရုဏ်တက်ချိန်၌ (၁)ကြိမ်၊ နေ့လယ်(၁:၀၀)နာရီ (၁)ကြိမ် နဂါး လှေတော်ကြီးများဖြင့် တနင်္သာရီမြို့ရှိ တန်ခိုးကြီး ဘုရားများ ဖြစ် သော နဝထပ်၊ မြဝတ်ဆင်၊ ဝင်္ဂဘာ၊ လေသာနန်း ဦးစေတီ တော် များကို မြစ်တွင်းမှ လက်ယာရစ်ပူဇော်လှော်ခတ် ကြပါသည်။ မဟာ ဘုံကထိန်ပွဲတော် မရောက်မီကပင် ပွဲတော်အတွက် ကြိုတင်ပြင် ဆင်ကြရသည်။လှေတော်များအားလုံး စုစည်းထားရသည်။ နဂါးလှေ တော်များရှိသောလယ်သစ်ရွာမှ နဂါးလှေတော်သားများနှင့် နဂါးလှေ များမှလည်း အကြိုနေ့ညကတည်းကတနင်္သာရီမြို့သို့စုံညီစွာ ရောက် ရှိရသည်။ မဟာဘုံ ကထိန်နေ့တွင် တနင်္သာရီတစ်မြို့နယ် လုံးရှိလူ များ နဂါးလှေ ခင်းသဘင်ကျင်းပရာတွင် လာရောက်ကြည့်ရှုကြ သည်အလွန်စည်ကားသိုက်မြိုက်စွာကျင်းပသောပွဲတစ်ပွဲပင်တည်း။





D/mai than myint

မင်္ဂလာဇာချော်များကို လှေတော်ထွက်ချိန်နှင့် ရေစီးနှေးသော ပွဲကြည့်ပရိသတ်များသောနေရာတွင် ခေါ်ဆို (သီဆို)ကြသည်။ ဇာ သည် နဂါးလှေတော်လှော်ခတ်ရာတွင်အနှေး၊အမြန်၊ ကွေ့၊ ကောက်၊ အလှည့်စသည့် နဂါး လှေလှော်ခတ်ထိန်းညှိခြင်းကို ဇာ များဖြင့် အချက်ပေး လှော်ခတ်ကြသည်။ လူလူချင်း အချက်ပေးရန် မလိုပေ။ တနင်္သာရီနဂါးလှေလှော်ခတ်ရာတွင် သီဆိုသော " ဇာ" များနှင့် အင်းဝခေတ်တွင် ပေါ်ပေါက်သော ချောင်းများမှာ မတူညီကြ ပေ။

နဂါးလှေတော်ရေခင်းသဘင်ကျင်းပရာတွင် ခေါ်ဆို (သီဆို) ရသော မင်္ဂလာဇာများမှာ "ချောင်း"များကဲ့သို့ မဟုတ် ပေ။ နဂါးလှေ တော်ရေခင်းသဘင်ကျင်းပရာတွင် သီးသန့်သီဆိုရသော ဇာဖြစ် သည်။ ဇာသည် နဂါးလှေထွက်၊ အကွေ့၊ ရေစီးကြမ်းအပြင်း လှော် တက်ပြောင်းတို့ကို ဇာဖြင့် ကြိုတင် အသိပေးပြီး မင်္ဂလာဦးပေါက် လှော်တက်အတိုင်း အနှေးအမြန် ညီညာစွာ လှော်ခတ်ကြရသည်။ နဂါးလှေတော်သဘင်ဆင်ယင် ကျင်းပခဲ့သော နှောင်စက္ကပိတ်မင်း မှ သည် တနင်္သာရီမင်း အဆက်ဆက် နဂါးလှေတော်သဘင် ဆင်ယင် ကျင်းပရာတွင် တနင်္သာရီမြို့နန်းစတည်စဉ်က မိတ်ဆွေရင်းနဂါးမင်း ကြီး ကို ကွပ်မျက်မိသော အမှားမျိုးကို နှောင်သောအခါ နှောင်တရ သော အဖြစ်မျိုး မဖြစ်ရအောင်ဟုသော ရည်ရွယ်ချက်ဖြင့် မင်းကြီး သည် မိမိမှားလျှင် မိမိအား အမှားထောက်ပြပေးရန် နဂါးလှေ ရေ

သဘင် ခင်းချိန်တွင် ဧောများ သီကုံး၍ သီဆိုအမှား ထောက်ပြ ခဲ့ကြသည်။မင်းညီမင်းသား၊မှူးမတ်သေနာပတိများ၊ နဂါးလှေ တော်သဘင်ဆင်ယင်ချိန်တွင်လည်း ကမ်းနားတွင်ကြည့်ရှုနေကြသော မင်းကြီးနှင့် တကွ ပြည်သူပြည်သားများ ကြားရအောင် ဧောများကို သီဆို ကြရသည်။

ယခုအခါ ဘုရား၊သံဃာ ၊ လူပုဂ္ဂိုလ် ၊ ဦးသျှောင်တို့ကို ချီးကျူးဂုဏ်ပြုရသော ဧောများကို စီကုံးစပ်ဆို၍ သီဆိုကြသည်။ ဧောတွင်သုံးမျိုးရှိသည်။ ပထမ သစ္စာဧော၊ ဒုတိယ ဘုရား၊ သံဃာ ၊ လူပုဂ္ဂိုလ်၊ ဦးသျှောင်တို့ကို ချီးကျူးဂုဏ်ပြုသော ဧော၊ တတိယ ဟာသနှော ပြီးသီဆိုရသောဧောဟူ၍ ဖြစ်သည်။ “ဧော”ကို သီဆိုရာတွင် ဧောအေ့.... နောင်ဝေးနဲ့အစချီ၍ အဆုံးသတ်တွင် "နောင်တော်" "ညီ"ကို "ညီနောင်"ဟု သုံးနှုန်းသည်။ အမည်နာမရှေ့တွင် အသုံးပြုသော "ဦး" "မောင်" နေရာများ၌ "နောင်"ကို အစားထိုး၍ သုံးနှုန်းကြသည်။ (ဥပမာ "ဦးစိုးရီ"ကို "နောင်စိုးရီ"ဟု သုံးသည်။) မင်္ဂလာဧောများကို လှေတော်စတင်ထွက်ချိန်နှင့် ရေစီးနှေးသော ပွဲကြည့်ပရိသတ် များသော နေရာတွင် ခေါ်ဆို(သီဆို)သည်။ မင်္ဂလာ ဧောခေါ် ခြင်း အလှ၌ ဝဲဘွဲ့သံထောက်များကို ဆက်ကာ ယင်းအကြောင်းအရာနှင့် ပတ်သက်သည်များကို အဝန်းအဝိုင်းလှည့်ယူကာဆိုလိုသည့်အဓိပ္ပါယ်ရောက်အောင် ထပ်မံထောက်ပံ့ဖွဲ့ဆိုကြသည်။





နှောင်းပိုင်းခေတ်များတွင် ဇောများသည် နဂါးလှေတော် အစဉ် အလာမရှိသော နေရာများသို့ ပြန့်နှံ့သွားကာ ငှက်ပျောတုံး ထမ်းပြီး အိမ်ခုန်သော အလှောင်အပြောင်သဘောပြုလုပ် လာကြသဖြင့် မင်္ဂလာ ဇောအစစ်များသည် အရည်အသွေးကျ ဆင်းကာ မှေးမှိန် တိမ်ကောလုဖြစ်ခဲ့သော်လည်း ယခုတစ်ဖန် အသက်ဝင်သည်ဟု ဆိုနိုင်ပါသည်။ ဇောဆိုသော ဓလေ့သည် နဂါးလှေတော်ကို အစဉ် အလာမပျက် ဆင်ယင်ကျင်းပသော တနင်္သာရီဒေသ တစ်ခုတွင်သာ တွေ့ရသဖြင့် ယင်းဒေသသည် ဇော၏ မူရင်းဒေသဖြစ်ပါသည်။ တနင်္သာရီဒေသနှင့် ဆက်စပ်လျက်ရှိသော ယိုးဒယားဘက်တွင်

လည်း အလေ့အထမရှိဟု ဆိုသည်။ မြန်မာပြည်မဘာက်တွင်လည်း ချေင်းများနှင့် ဆက်နွယ် သော ကာချင်းများကိုသာ တွေ့ရပါသည်။

## နဂါးလှေတော်စတင်ထွက်ခွာခြင်းနှင့်မင်္ဂလာဇောများ

နဂါးလှေတော်ရေသဘင်ဆင်ယင်ကျင်းပရန်မင်္ဂလာဦး ပေါက်နှင့်တကွ လှေတော်သားများ၊ တူရိယာများ၊ အရံလှေများ အဆင်သင့်ဖြစ်လျှင် ရိုးရာကန်တော့ပွဲများကို မီးထင်းပြသ ရေ လောင်းပြီး လူစုံတက်စုံ ဖြင့် စတင်ထွက်ခွာရန် စီစဉ်ရသည်။ လှေတော်မထွက်ခွာမီ လှေတော်သား၏ တက်အားလုံး လှေမလူး စေရန် ထားရသည်။ လှေတော်ထွက်ခွာရန် အဆင်သင့် ဖြစ်ပါက မင်္ဂလာဦးပေါက်မှ အချက်ပြသီဆိုရသည်။

ပထမအကြိမ် ဟာရီ…ဟော့ ဟု တိုင်သံပေးလျှင် လှေတော်သားအားလုံး လိုက်ဆိုရသည်။

ဒုတိယအကြိမ် ဟာရီ…ဟော့ ဟု တိုင်သံပေးလျှင် လှေတော်သားအားလုံး လိုက်ဆိုရသည်။

တတိယအကြိမ် တက်ထိုး…ဟု အမိန့်ပေးလျှင် တက်အရင်းကို နဖူးရှေ့ထိမြှောက်ထားပြီး လှော်ရန် အသင့်ပြင်ထားရသည်။ (လိုက်မဆိုရ)

စတုတ္ထအကြိမ် ဟာရီ…ဟိတ်…ယောက်ျား…ဟု ရာဇဦး ပေါက်မှ မာန်သွင်း၍ လှော်ချက်ပြသည်နှင့် လှေတော် သားအားလုံး တစ်ညီတစ်ညာတည်း လှော်ခတ်ရသည်။ မင်္ဂလာဦးတီးဝိုင်းမှလည်း အားယူ ၊ တက်ရေထိ ၊ လှော်၊ ယွန်းစသည်တို့ကို စည်းချက် တကျတီးမှုတ်ပေးရသည်။ ဤကဲ့သို့ လှေတော်စတင် လှော်ခတ် ချိန် တွင် ရာဇဦးပေါက်မှ ပထမဇောကို ဘုရားတရားနှင့် စပ်ဆိုင်သော ဇောဖြင့် အစဆိုသည်။ တနင်္သာရီ အနီးနားတစ်ဝိုက်ရှိသော ဘုရား စေတီများကို ဦးခိုက် ပူဇော်သော ဇောများဖြင့် သီဆို ကြသည်။

## **နိဂုံး**

တနင်္သာရီလှေလှော်ပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ တနင်္သာရီဘုရင်ဖုံးစက္ကပိတ်မင်းကြီး၏ မိတ်ဆွေဖြစ်သော ဘောဂ ဝတီတိုင်း ဝါသုလဒေဝနဂါးမင်းကြီးအားလက်ဦးရယူထိုး သတ်မိခဲ့၍ အောက်မေ့သတိရစိတ်မချမ်းသာမှုကို နေ့စဉ်ခံစား လာရသဖြင့် နဂါး မင်းစုတ်ကျသေလွန်သော တန်ဆောင်မုန်း လပြည့်နေ့တွင် နဂါးမင်း ကြီးပုံ ပြုလုပ်ထားသော လှေတော်၊ ဖောင်တော်များဖြင့် ဗုဒ္ဓဆင်း တု တော်အကြီးအငယ်မျိုးစုံတရားတော်ပေစာများ၊ ဆွမ်း၊ သင်္ကန်း၊ ဆေး ဝါးများနှင့်နဂါးမင်းတံဆိပ်ဒင်္ဂါးများတင်ဆောင်ပြီး နယ်အဝေးမြို့ရွာ များရှိ သံဃာတော်အရှင်များထံပို့ဆောင်လှူဒါန်းခြင်း ဖြင့် ကျေးဇူး သိအမှတ်တရကုသိုလ်ရေးအတွက်ပြုလုပ်ပေးခြင်းဖြစ်ပါ သည်။

## ယောဒေသ၏ မီးကြာလှည့်လည်ပွဲတော်နှင့် သနပ်ခါးပါးတို့ပွဲ

ယောဒေသသည် ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာများကို လက်ကိုင်ထိန်းသိမ်းထားနိုင်သည့် ဒေသတစ်ခုဖြစ်သည်။ အချိန်ရာသီကာလအလိုက်ကျင်းပသောရိုးရာပွဲတော်များ၊ ဘုရားပွဲများ၊ အလှူပွဲ၊ အိုးစည်ပြိုင်ပွဲ၊ သနပ်ခါးပါးတို့ပွဲ စသည်ဖြင့် ပွဲတော်များစွာတို့ကို ယောဒေသ၏ယဉ်ကျေးမှု အစဉ်အလာတစ်ရပ်အနေ ဖြင့် ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပါသည်။

ယောဒေသမှာကဲ့သို့ပင် ပအိုဝ်းတိုင်းရင်းသားတို့သည် လည်း ရိုးရာဓလေ့ မီးကြာလှည့်လည်ပွဲ ပြုလုပ်ကြသည်။ ပအိုဝ်း တိုင်းရင်း သား တို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သော မီးကြာလှည့် လည်ပူဇော်ခြင်းသည် ရိုးရာဓလေ့ကိုပြသခြင်း၊ စည်းလုံးညီညွတ် ခြင်း၊ ပအိုဝ်းရိုးရာဝတ်စုံများနှင့် ပအိုဝ်းတိုင်းရင်းသားတို့၏ အင်အားကိုပြသသော ရိုးရာဓလေ့ တစ်ခုအဖြစ် နှစ်စဉ်ပြုလုပ် လေ့ရှိသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဝါတွင်းကာလကုန် ဆုံးချိန်တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ကြွချီလာသော မြတ်စွာဘုရားကို ရည်မှန်းကာ မီးပူဇော်သည့်ပွဲလည်းဖြစ်ပေသည်။





ယောဓလေ့ပွဲတော်တစ်ခုဖြစ်သည့် သနပ်ခါးပါးတို့ပွဲ ကျင်းပ သည့် ကာလဖြစ်သော အောက်တိုဘာလများတွင် ဝက်ပါလှည့်၍ ပူဇော်ခြင်း (ခေါ်) ဗုဒ္ဓဆင်းတုတော်များ ဒေသစာရီ လှည့် လည်ပူဇော် ခံခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခြင်း၊ မီးကြာ လှည့်လည်ပွဲကျင်းပခြင်း၊ ဝက်ပါလှည့်ပွဲ၊ စတုဒိသာတည် ခင်းဧည့်ခံ ကျွေးမွေးခြင်းတို့ကိုလည်းကျင်းပကြပါသည်။

မီးကြာလှည့်ပြီးမြတ်စွာဘုရားထံတွင်ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ခြင်းသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် ထူးဆန်းသည်ဟုမထင်ရသော်လည်း သနပ်ခါးပါးတို့ပွဲမှာမူ ယောဒေသ၏ ဓလေ့တစ်ခုအနေနဲ့ တွေ့မြင်ရသည့်အတွက် ထူးဆန်းလှပေသည်။ ယောဒေသ၏ ထူးဆန်းသောပွဲတစ်ခုဖြစ်သည့် သီတင်းကျွတ် လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့ ရောက်တိုင်း ရွာဦးကျောင်းများတွင် ဝက်ပါများဆောက်လုပ် ကြပြီး ဝက်ပါအလယ်တွင်ရှိသည့် မြတ်စွာဘုရား၏ ရုပ်ပွားတော် မြတ်ကို ဆီမီးပူဇော်ပြီးနောက်တွင် အချင်းချင်း တစ်ဦး၏ပါးပြင်ကို တစ်ဦးက သနပ်ခါးပေါင်ဒါ လိမ်းပေးသည့် သနပ်ခါးပါးတို့ပွဲ ဖြစ်ပါသည်။ သို့သော်လည်း ၎င်းသနပ်ခါးပါးတို့ပွဲ သည် ဘယ်အချိန်ဘယ်ကာလ တွင် စတင်ပေါ်ပေါက်ခဲ့သည့် သမိုင်းကြောင်းဟူ၍ သက်သေအထောက်အထားများကို မတွေ့ရှိရပေ။





ထိုသို့သောပွဲတော်ချိန်တွင် ရပ်နီးရပ်ဝေးမှ အားလုံးအတူတကွ လာရောက်ပါဝင်ဆင်နွှဲကြသောကြောင့်ယောနယ်တွင်ရှိကြသည့်ရွာများအကြား စည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲလာစေပါသည်။ထို့ကြောင့် ယောဒေသရှိ ရပ်ရွာများ တစ်ရွာနှင့်တစ်ရွာ စည်းလုံးမှုကို ပိုမိုခိုင်မာစေရန် ရည်ရွယ်ဆောင်ရွက်သည်ဟု ထင်မိပါ သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ယောဒေသဖြစ်သော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ်များတွင် နှစ်စဉ်ကျင်းပလေ့ ရှိသည့်လူသိများသောပွဲတော်များအနက် ဖယောင်းထောင်ချပွဲ ကျင်းပ၍ဆီမီးပူဇော်ခြင်း၊မီးကြာလှည့်ပွဲကျင်းပ၍ဆီမီးပူဇော်ခြင်း၊ ရပ်ကွက်၊ ကျေးရွာလုံးကျွတ်သင်ပုတ်မီးထွန်း၍ ဆီမီးပူဇော်ခြင်း၊ အိုးစည်ပြိုင်ပွဲကျင်းပခြင်းတို့ဖြစ်ကြသည်။

အဆိုပါသနပ်ခါးပါးတို့ပွဲ ကျင်းပရာတွင် မီးကြာလှည့်ပွဲ နှင့် အတူထည့်သွင်းကျင်းပလေ့ရှိရာမီးကြာလှည့်ပွဲကျင်းပနိုင်ရန် ရောင်စုံစက္ကူ၊ မှန်ရောင်စက္ကူတို့ကို နှီးဖြင့်ပေါင်းစပ်လျက် မီးကြာ ခွက်များပြုလုပ်ခြင်းအပါအဝင် ပန်းကြာများ၊ မုလေးပွားများ၊ ကြက်လျှာများပြုလုပ်ခြင်းနှင့် ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ကြားခြင်း စသည်တို့ကို တစ်လခန့် ကြိုတင်ဆောင်ရွက်ကြရသည်။

သနပ်ခါးပါးတို့ခြင်းမှာအိမ်ရှင်ရွာခံအမျိုးသမီးများက ပတ်ဝန်းကျင် ကျေးရွာမှ ပါဝင်ဆင်နွှဲကြသည့် မီးကြာကိုင်လုပျိုဖြူ များအား သနပ်ခါးဖြင့်ပါးကိုတို့ခြင်းဖြစ်သည်။ မီးကြာလှည့်ပွဲဖြင့် စီတန်း လှည့်

လည် လာသော ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာကိုင် အမျိုးသမီးများ ဆီမီးပူဇော်မည့် စေတီပရိဝုဏ်အနီးသို့ ရောက်လာသည့်အခါ အသင့်စောင့်နေသည့် အိမ်ရှင်အမျိုးသမီးများက ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောဆိုလျက် မီးကြာကိုင်အမျိုး သမီးများ၏ပါးတစ်ဖက်တစ်ချက်ကို သနပ်ခါးတို့ဖတ်နှင့် အသာတို့ လိုက်ကြသည်။ ထိုအခါ လုလင်ပျိုနှစ်ယောက်က မှန်တစ်ချပ်နှင့် ဆီးတားပေးပြီး မှန်ကိုကြည့်စေ၍ အတို့ခံထားရသည့်ပါးမှ သနပ်ခါးများ ညီညာလှပအောင် ပြင်ဆင်စေသည်။ ပြင်ဆင်လျှင် ဆီးတားထားသောမှန်ကို အသာမပေး လိုက်ကြသည်။ မီးကြာကိုင် အမျိုးသမီးများ ဆက်သွားသည့်အခါ နောက်တချီပါးတို့ခံရသည်။ မှန်ကြည့်ပြီးပြန်လည်ပြင်ဆင်ရသည်။ မှန်တန်း (၂၀) ဝန်းကျင်ခန့် ကျော်လျှင် ဘုရားစေတီသို့ရောက် ၍ မီးကြာခွက်ကို ဘုရားစေတီတွင် ကပ်လှူပူဇော်ကြသည်။ ဆီမီးလှူဒါန်းပြီးသည့်အခါ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှဝေကြသည့် ယောဒေသ၏ ရိုးရာဓလေ့တစ်ခုပင်ဖြစ်ပါ သည်။

မီးကြာလှည့်ပွဲနှင့်သနပ်ခါးပါးတို့ပွဲတို့ တွဲပြီးကျင်းပသည့်အခါတွင် မီးကြာလှည့်ပွဲကို ကြေးစည်၊ မုလေးပွားကိုင်အဖွဲ့၊ ကွမ်း တောင်ကိုင်အဖွဲ့၊ ပန်းတောင်ကိုင်အဖွဲ့၊ မီးကြာကိုင်ဆွဲ့သည် အမျိုးသမီးများအဖွဲ့ စသည်ဖြင့် စီတန်းလှည့်လည်ကြရသည်။ ၎င်းတို့၏တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြားတွင် ယောဒေသရိုးရာဓလေ့ အဆို၊အကများလည်း ထည့်သွင်းလေ့ရှိသည်ကို တွေ့ရပေမည်။ ထိုအဖွဲ့အားလုံး၏

နောက်ဆုံးတွင် အိုးစည်၊ ဒိုးပတ်နှင့် ဝါးလက် အကများ ထည့်သွင်း ကျင်းပလေ့ရှိပါသည်။ ယောဒေသတွင် တစ်ရွာမှ ထိုပွဲတော်ကျင်းပ ဖြစ်ပါက ဘေးပတ်ဝန်းကျင်ရွာများပါ ဖိတ်ကြားရပါသည်။ ပွဲတော် ကျင်းပခြင်းသည် ရွာတစ်ရွာနှင့်တစ်ရွာ ပိုမိုချစ်ခင်ရင်းနှီးမှု ကိုရရှိ စေပါသည်။ ယဉ်ယဉ်ကျေးကျေးဆက်ဆံ တတ်စေပါသည်။ စည်းလုံး ညီညွတ်မှုကို ပိုမိုခိုင်မြဲစေသည့်အပြင် ပျော်ရွှင်စရာပွဲတော်အဖြစ် အစဉ်အဆက် ကျင်းပသည့် ယောဓလေ့ပွဲ တော်တစ်ခု ဖြစ်ပါသည်။

## မွန်တို့ဒေသ ဝါခေါင်လပြည့် ရွှေအိုးမြှုပ်လှူဒါန်းပွဲ

ရွှေအိုးမြှုပ်လှူဒါန်းပွဲ ပေါ်ပေါက်လာရသည့် အဓိက ရည်ရွယ်ချက်သည် ကေဒါရဇာတ်အလောင်းတော် ကေဒါရ ကျေးမင်းဇာတ်တော်မှ ဆင်းသက်လာပါသည်။

### ကေဒါရဇာတ်အကျဉ်း

ဘုရားအလောင်းတော်ကေဒါရကျေးမင်းဘဝတွင် ပုဏ္ဏား ၏လယ်တောမှ စပါးခင်းတွင် ကျေးအပေါင်းခြံရံ၍ ဝင်ရောက် စားကြပြီး ကျေးများနေရပ်ဌာနသို့ ပြန်ကြ၏။ ကေဒါရကျေးမင်း သည် နှုတ်သီးဖြင့်လည်းကောင်း၊ ခြေအစုံဖြင့် လည်းကောင်း စပါးနှံများကို ကိုက်ချီသယ်ဆောင်ကာ ပြန်၏။ ပုဏ္ဏားမြင်သော်

ကျော့ကွင်းဖြင့်ထောင် ဖမ်းသည်။ အကျိုး အကြောင်း ကိုမေး သော်ကျေးမင်းက"ငါသည် ကြွေးဟောင်း ဆပ်ရမည်၊ ကြွေးသစ် ချရမည်၊ ရွှေအိုးမြှုပ်ရမည်" ဟူသော စကား သုံးခွန်း ကိုဆိုလေ သည်။အဓိပ္ပါယ်ကားကြွေးဟောင်းသည်မိဘကိုလုပ်ကျွေးသည်၊ ကြွေးသစ်သည် ငယ်ရွယ်သော သားသမီးကို လုပ်ကျွေးသည်၊ ရွှေအိုးမြှုပ်ခြင်းသည် သက်ကြီး ရွယ်အိုမမာမကျန်းသော အစာ ရှာမထွက် နိုင်သောကျေးများကို အလှူဒါနပြုသည်ဟုဆိုသည်။



မွန်လူမျိုးတို့သည် ဤဒေသနာတော် ကြားနာရသော ကြောင့် ဝါခေါင်လပြည့်နေ့တွင် ရွှေအိုးမြှုပ်လှူဒါန်းသည့်ဓလေ့ ပြုလုပ်လာကြသည်ဟု ရှေးဆရာကြီးများပြောကြား ချက်အရ သိရပါသည်။ မွန်ရိုးရာဓလေ့ ဝါခေါင်လပြည့် နေ့ရွှေအိုးမြှုပ်ပွဲ ဟုခေါ်သည်။ မွန်ဘာသာဖြင့်နုင်နိုဓိ၊ပါဠိဘာသာဖြင့်အနု ဂါမိက ရွှေအိုးမြှုပ်ပွဲဖြစ်ပါသည်။ ရွှေအိုးကို မြေကြီးတွင် မြှုပ် ခြင်း မဟုတ်ပါ။ သံသရာတစ်လျှောက်တွင် အရိပ်ပမာ ကုသိုလ် တရားအကျိုးပေးနိုင်ရန်ရွှေအိုးပြုလုပ်ပြီးဘုန်းတော်ကြီးကျောင်း သို့ သွားရောက်လှူဒါန်းခြင်းဖြစ်ပါ သည်။

စုပေါင်းလှူဒါန်းသော ရွှေအိုးနှင့် တစ်ဦးချင်းလှူဒါန်း သော ရွှေအိုးဟူ၍ (၂) မျိုးပြုလုပ်ပူဇော်ကြသည်။

စုပေါင်းရွှေအိုးဆိုသည်မှာ ကျောင်းဂေါပကမှရပ်ကွက် အလိုက် အလှူငွေကောက်ခံပြီး ရရှိသောအလှူငွေများကို စုပေါင်းပြီး သတ္တုအိုး (သို့) ကြေးအိုး အလုံးကြီးကြီးများကို ဝယ်ပြီးရွှေရောင်စက္ကူကို ပန်းကနုတ်ညှပ်ပြီး အိုးတွင် ကပ်ပြီး လျှင် ဘုန်းကြီးကျောင်း ဓမ္မာရုံဘုရားခန်းရှေ့တွင်ထား ပါသည်။ ဝါခေါင်လပြည့်နေ့တွင် ၎င်းအိုးကြီးထဲသို့ ကောက်ညှင်းထုပ်

ဖင်ချွန်နှင့် ကောက်လှိုင်းတီမုန့် များကို ပြလုပ်ပြီး ကလေးများ သွားရောက်လောင်းလှူ ပူဇော်ကြ ပါသည်။

ယခုခေတ်တွင် ကောက်ညှင်းထုပ်ဖက်ချွန်နှင့်ကောက်လှိုင်းတီမုန့်များလုပ်ခြင်း ဓလေ့တိမ်ကောခါနီး ဖြစ်နေပါပြီ။ အလွယ်တကူရသည့် ဝေဖာ၊မုန့်ကြွပ်၊ဘီစကစ်များ လောင်းလှူ ပူဇော်ကြသည်။





အဖိတ်နေ့ညနေနေအေးချိန်တွင် ဘုန်းတော်ကြီးကျောင်းများ သို့သွားပို့ကြရပါသည်။လပြည့်နေ့ (၉)နာရီခန့် အချိန်တွင် သီလ ခံယူ ရေစက်ချ အမျှအတန်းပေး ဝေကြပါသည်။

မွန်လူမျိုးတို့သည် အနုဂါမိက ရွှေအိုးမြှုပ်နှံခြင်းအားဖြင့် သံသရာတစ်လျှောက်လုံး ယခုလှူဒါန်းထားသောရွှေအိုးသည် ဘဝဆက်တိုင်းတွင် အနောက်မှ အရိပ်ပမာလိုက်နေပြီး နှိုက်ယူ သုံးစွဲမကုန်နိုင်သော အနုဂါမိက ရွှေအိုးဖြစ်ကြောင်း ယုံကြည်စွာ လှူဒါန်းပူဇော်ကြပါသည်။

ဇင်္ဂမရွှေအိုး -ပေါ့သောဥစ္စာ၊ ရွှေ၊ ငွေ၊ ကျောက်သံ
ပတ္တမြား

နိဒါနရွှေအိုး -လေးသောလယ်ယာမြေ၊ တိုက်တာ
အဆောက်အဦ

အင်္ဂသမရွှေအိုး -အသက်မွေးဝမ်းကျောင်းပညာ

အနုဂါမိကရွှေအိုး -ဒါန၊ သီလစသော ကုသိုလ်ပြုခြင်းမှရ
သော အကျိုး

**ရခိုင်ရိုးရာထမင်းထောင်၊ ပန်းထောင်(ခ)သင်ပုတ်ဆွမ်း**

**(သို့မဟုတ်)**

**ကောက်ဦးဆွမ်းတင်လှူပွဲ**

**ခေတ်အဆက်ဆက်ပူဇော်ပွဲပြုလုပ်ပုံ**

မြတ်စွာဘုရားကိုယ်တော်တိုင်ရခိုင်ပြည်သို့ကြွရောက်တော်မူသည်မှစပြီး ဗုဒ္ဓသာသနာ ရခိုင်ပြည်၌ ထွန်းကားခဲ့ကြောင်း ရခိုင်ရှေးဟောင်းသမိုင်းများတွင် ဖော်ပြထားသည်။ စန္ဒသူရိယမင်းမှ သူရိယကေတုမင်း တိုင်အောင် ဓညဝတီခေတ် တစ်လျှောက်လုံး၌လည်း မဟာမြတ်မုနိဘုရားတွင် ပူဇော်ပွဲအမျိုးမျိုးပြုလုပ်ခဲ့ကြ သည်။ ထိုပူဇော်ပွဲများအနက် ထမင်းထောင်၊ ပန်းထောင် နှင့် ဆီမီးထောင်ပူဇော်ပွဲများမှာ

လည်း တခမ်းတနားပါဝင်ခဲ့ကြောင်း "သဗ္ဗဒါနပကာရန" ကျမ်းတွင် ဖော်ပြထားသည်။ ထို့အတူ ဝေသာလီခေတ်ကို တည်ထောင်သော မဟာတိုင်းစန္ဒရားမင်းကြီး ထုလုပ်စိုက်ထူခဲ့သည့် မဟာ မြတ်မုနိဘုရားရှိ နတ်ရုပ်များအနက် ဒုတိယအဆင့် အရှေ့မြောက်ဘက်ရှိ နတ်ရုပ်၏ခြေရင်းတွင်လည်း သက္ကဋ္ဌ ဘာသာဖြင့် မဟာသူရိယတိုင်းကို အစိုးရတော်မူသော မဟာတိုင်းစန္ဒရားမင်းသည် အလုံးစုံသော ကုသိုလ်ကောင်း မှုနှင့်ပူဇော်ပွဲများကို ပြုလုပ်ခဲ့သည်ဟု ရေးထိုးထားသည်။ ထို့ကြောင့် ထမင်းထောင်၊ ပန်းထောင်၊ ဆီမီးထောင် ပူဇော်ပွဲကို ဓညဝတီခေတ်ကပင် စတင်ကျင်းပခဲ့ ကြောင်း သိမှတ် ရပါသည်။ ထိုနည်းတူစွာလေးမြို့ခေတ်နှင့် မြောက်ဦးခေတ်တို့တွင်လည်း ဤပူဇော်ပွဲကို ပြုလုပ်ခဲ့ ကြောင်း ရှေးဟောင်းရခိုင်မှတ်တမ်းများအရ သိရှိရပါသည်။ အထူးသဖြင့် မြောက်ဦးခေတ်၌ ထမင်း ထောင်၊ ပန်းထောင် ၊ ဆီမီးထောင် ပူဇော်ပွဲကိုဝါကျွတ်လ၌ ကျင်းပခဲ့ပုံကို ရခိုင် စာဆိုတော် ဥက္ကာပျံကဝါကျွတ်လဖွဲ့၌ဖော်ပြထားသည်မှာ–

'သူတော် မိန့်မှတ်၊ လဝါကျွတ်သည် ဆန်းလတ်ခါ၊ လှူ့ရွာပွဲသဘင်၊ ဆီမီးတန်ဆောင် ၊ ပန်းထောင်ထီးကြီး ဖြန့်၍ သင်ပုတ်တင်၊ဒါနပေးစွန့်ကြဲလှူ၊ ကောင်းမှုလက်ဆောင်၊

ထမင်းထောင်ကိုဝန်း၍ အံဘွယ်မှု တေးသံချို ၊ လက်ခုတ် ဖြောက်ဖြောက်ခြင်းကောက်၊ သံပြိုင်ဆို၍'ဟု ဆိုထား ပါသည်။ ယနေ့ထိတိုင် ရခိုင် လူမျိုးတို့သည် ရိုးရာဓလေ့ ယဉ်ကျေးမှုတစ်ခုအနေဖြင့် တခမ်းတနား ကျင်းပပြု လုပ် ကြဆဲပင်ဖြစ်သည်။





**ထမင်းထောင် ၊ ပန်းထောင်(ခ) သင်ပုတ်ဆွမ်းပြုလုပ်ပုံ အဆင့်ဆင့်** ရှေးရိုးရာအစဉ်အလာမပျက် သင်ပုတ်ဆွမ်းပြုလုပ်ပုံ မှာရခိုင်တောင်သူလယ်သမားတို့သည် ဝါကျွတ်လတွင် ကောက် လတ်စပါး ရိတ်သိမ်းကြသည်။ ထိုသို့ အလျှင်ဆုံးထွက်သော စပါးကိုထောင်း၍ ဆန်ကိုဆွမ်းအဖြစ် ချက်ပြုတ်ကာ ကျောင်း ကန် ဘုရားသို့ တင်လှူသည့် ဓလေ့တစ်ခုဖြစ်သည်။ ထို့ကြောင့်

ရှေးအခါ ဤပူဇော်ပွဲအခမ်းအနားကို သီတင်းကျွတ် လတွင်သာ ကျင်းပပြုလုပ်ခဲ့သည်။ သို့သော်လည်း ယခုအခါ သီတင်းကျွတ်လပြည့်အပြင် အခြားဗုဒ္ဓ၏ နေ့ထူးနေ့မြတ် ဖြစ်သော တန်ဆောင်မုန်းလပြည့်နှင့် ကဆုန်လပြည့်နေ့များ တွင်လည်း ကျင်းပပြုလုပ်လာကြပါသည်။ ပူဇော်ပွဲကို လပြည့်နေ့ ပြုလုပ်မည်ဆိုလျှင် မပြုလုပ်မီ တစ်ရက်အကြို အဖိတ်နေ့က မိမိတို့ ကျေးရွာရပ်ကွက်အလိုက် အမျိုးသမီးကြီး တို့သည် ထမင်းထောင် ပြုလုပ်ရန်အတွက် တအိမ်တက်ဆင်း ပေါ်ဦးပေါ်စ ကောက်သစ်ဆန်များကို ကောက်ခံကြပြီး ရာသီပေါ်သစ်သီးဝလံ များကိုလည်း အလှူခံကြပါသည်။ ထို့အတူ အပျိုလူပျို တို့မှာလည်း တပျော်တပါး ကြာပန်းမျိုးစုံ ခူးရန် သွားကြပါသည်။





ဝါကျွတ်လတွင်ပွင့်သော ကြာဖြူ ၊ ကြာနီ၊ ကြာညို၊ ကြာခေါင်း လောင်းပန်းတို့မှာ အခြားသော ပန်းများထက် မြင့်မြတ်သည်ဟု ခံယူထားကြသဖြင့် ကြာပန်းမျိုးစုံကို ရနိုင်သရွေ့ခူးရပါသည်။ ထမင်းထောင်ပြုလုပ်ရန်အတွက် သစ်ရွက်များထဲတွင် အမြင့် မြတ်ဆုံးဟု ယုံကြည်ထားသော ဖောဓိရွက်နှင့်ညောင်ရွက် များကို ဖက်ကတော့ ပြုလုပ်ရန် ဆွတ်ခူးကြသည်။ ထို့အပြင် ထိုလပြည့်နေ့ အာရုံမတက်မီ ဆွမ်းအချိန်မီ ချက်ပြုတ်နိုင်ရန် အတွက်လည်း အမျိုးသားများ က ညဦးပိုင်းတွင် ဆွမ်းချက်ရန် သတ်မှတ်ထားသောနေရာ သို့အလှူခံရရှိထားသော ဆန်များ ကိုပြောင်းရွှေ့ပေးပြီး အမျိုးသမီးများက ထိုဆန်များကို သန့်စင် ပေးကြသည်။ ထိုသို့ ဆောင်ရွက်နေစဉ် တူရိယာဝိုင်းကလည်း တေးသီချင်းများဖြင့် ဖြေဖျော်လျက်ရှိနေပါသည်။ ထိုလပြည့် နေ့ အရုဏ်တက်ချိန် ရောက်သောအခါတွင် ဆွမ်းအဖြစ် အချိန်မီချက်ပြုတ်ပြီး ဖြစ်သောထမင်းကို လင်ပန်း(ဗျတ်)များ တွင် သွန်းလောင်း စုပုံထားကာ အသင့်ပြုလုပ်ပြီး ဖြစ်သော ဖောဓိညောင်ရွက်ကတော့များတွင်ထည့်၍ပြောင်းပြန်လှန်ထား သည်။ ထိုဖက်ကတော့များကို ခွာလိုက်လျှင် ကတော့ပုံ ထမင်း ထုချွန် (ထမင်းထောင်) များကိုရရှိပြီး ထိုကတော့ပုံ





ထမင်းထောင်များကို ဆေးရောင်စုံ ဆိုးပြီး လင်ပန်း(ဗျတ်)များ တွင်ထောင်၍ အရေအတွက် တစ်ထောင်ပြည့်သည် အထိ ထည့် ရပါသည်။ အရေအတွက် တစ်ထောင်ရှိသော ကြာပန်းမျိုးစုံတို့ ကိုလည်း သန့်စင်စွာဆေးကြောပြီး လင်ပန်း (ဗျတ်)များ၌ အသင့် ထည့်ထား ရပါသည်။

အဆိုပါပူဇော်ပွဲကို လပြည့်ညအရုဏ်တက်အချိန်တွင် ကျင်းပပြုလုပ်လေ့ရှိပါသည်။ ဘုရားသို့ပူဇော်ရန်သွားရာ ထမင်း ထောင်များကို ဆေးရောင်စုံဆိုးပြီး လင်ပန်း(ဗျတ်)များ တွင် ထောင်၍ အရေအတွက် တစ်ထောင်ပြည့်သည် အထိထည့်ရပါ သည်။ အရေအတွက် တစ်ထောင်ရှိသော ကြာပန်မျိုးစုံတို့ကို လည်း သန့်စင်စွာဆေးကြောပြီး လင်ပန်း (ဗျတ်)များ ၌ အသင့် ထည့်ထားရပါသည်။

အဆိုပါပူဇော်ပွဲကို လပြည့်ညအာရုဏ်တက်အချိန်တွင် ကျင်းပပြုလုပ်လေ့ရှိပါသည်။ ဘုရားသို့ပူဇော်ရန်သွားရာတွင် လည်း ရှေ့ဆုံးမှကြေးစည်ကို လူငယ်နှစ်ဦးထမ်း၍ တီးသွား ရပါသည်။ ၎င်းနောက်မှ ပန်းကျား(ပန်းတျား)ခေါ် စည်ရှည် ကိုတီး၍ စည်တီးသား(၂)ယောက်မှ လိုက်ပါပြီးလျှင် အဝတ်ဖြူ ဝတ်၍ ဥပုသ်သီလယူပြီးသော လူကြီးများကလိုက် ရပါသည်။

ရွှေ၊ ငွေ၊ ကြေးတခုခုဖြင့် ကြာမောက်၊ ကြာလံပုံ ပြုလုပ်ထားသော ပူဇော်ကလပ်၌ ပေါက်ပေါက်ပန်းတို့ကို ထည့်၍ ရပ်ရွာတွင် ရုပ်ရည်ချောမောလှသည့် မိန်းမပျိုတစ်ဦး ခေါင်းပေါ်တင်၍ လိုက်ရပါသည်။ ရခိုင်လူမျိုးတို့သည် ဘုရားကိုပူဇော်ရာ၌ ပေါက်ပေါက်ပန်းကို သုံးလေ့ရှိပါသည်။ ပြီးလျှင် အမျိုးသမီးကြီးငယ်တို့သည် ထမင်း၊ ပန်း၊ ဆီမီးများ အသင့်ထည့်ထားသော လင်ပန်းတို့ကို ဦးခေါင်းပေါ်ရွက်၍ ပူဇော်ကလပ်နောက်မှ အစီစဉ်အတိုင်းလိုက်ပြီး နောက်ဆုံးမှ တီးဝိုင်းအဖွဲ့က ရခိုင်ရိုးရာ အကအလှများဖြစ်သော လူရုပ်ကြီး အက၊ ကိန္နရာဖိုမအက၊ တိုးအက၊ လင်ကောင်ပိုးအက စသည့်တို့ဖြင့် ကခုန်၍ လိုက်ပါရသည်။ ပူဇော်ပွဲပြုလုပ်ရန် သတ်မှတ်ထားသော ဘုရားသို့ ရောက်သောအခါပါလာသောထမင်းထောင်များကို သင်ပုတ်ပလ္လင် ၌ တင်၍ ဘုရားတွင် ဆက်ကပ်လှူဒါန်းခြင်း၊ ပန်းများကို ဘုရားတွင် ကပ်လှူပူဇော် ခြင်းနှင့် ဆီမီးများထွန်းညှိ ပူဇော်ခြင်းတို့ကိုလည်း ပြုလုပ်ကြ သည်။ ထိုသို့လှူဒါန်းရာ၌ ထမင်းစေတီငယ် တစ်ထောင်၊ ပန်းတစ်ထောင်နှင့် ဆီမီးတစ်ထောင်တို့ဖြင့် ဆက်ကပ်ပူဇော်ခြင်းဖြစ်သောကြောင့်ထမင်းထောင်၊ပန်းထောင် ဆီမီးထောင်ကပ်လှူပူဇော်ပွဲဟု ခေါ်ခြင်းဖြစ်ပါသည်။ သင်ပုတ်

ပလ္လင်တွင်တင်၍ ကပ်လှူပူဇော်ခြင်းကြောင့် သင်ပုတ်ဆွမ်းဟု ခေါ်ဝေါ်ကြသော်လည်း ယခုအခါတွင် သင်ဗုန်းဆွမ်းဟု ခေါ်ဝေါ်သုံးစွဲလာလျက်ရှိကြပါ သည်။

**မှတ်ချက်။** ရှေးအခါက ဘုရားပုထိုးများတွင် သင်ပုတ်ဆွမ်း တင်ရန် သင်ပုတ်ပလ္လင်များရှိကြပါသည်။ အချို့မှာပျက်စီး သွားပြီးဖြစ်သော်လည်း မြို့ဟောင်း(မြောက်ဦး)မြို့ရှိ သျှစ် သောင်းဘုရား၊ ဝသဲဘုရားနှင့် မင်းခမောင်းဘုရား များတွင် ယနေ့တိုင် တွေ့မြင်နေရဆဲဖြစ်သည်။ ဆီးမီးခွက်တစ်ထောင် ပူဇော်ရန်အတွက် ပြုလုပ်ထားခဲ့သော ကျောက်ခွက်ငယ်များကို လည်း ယနေ့တိုင်သျှစ်သောင်းဘုရား၏ နံရံပတ်လည်တွင် တွေ့ရပါသေးသည်။

## နေ့လည်ပိုင်းတွင် မာလာပြန်နာယူခြင်း

လပြည့်နေ့ နေ့လည်ပိုင်းတွင် ဘုန်းကြီးကျောင်းနှင့် ဇရပ်စသည်တို့တွင် မိမိတို့ရပ်ရွာအလိုက် ကြာပန်း တစ်ထောင်၊ အောင်မဲညိုပန်းတစ်ထောင်၊ လိစ္စဝီပန်း တစ်ထောင်စသည်ဖြင့် ပူဇော်၍ ဝေဿန္တရာမာလာပြန်ကို ဖတ်ကြားနာယူကြပါသည်။ များသောအားဖြင့် ထမင်းထောင်၊ ပန်းထောင်ပူဇော်ပွဲကို

ကောက်ဦးကောက်သစ်များပေါ်ချိန်၊ ကြာမျိုးစုံဖူးပွင့်ချိန် ဖြစ်သည့် သီတင်းကျွတ်လတွင် သာကျင်းပပြုလုပ်ခြင်း ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် ကောက်သစ်ထမင်း နှင့် ကြာပန်းများကို ပူဇော်၍ မာလာပြန် (မာလာလေးပြန်)ကို နာယူခြင်းဖြင့် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်ကို ဖူးမျှော်ခွင့်ရမည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော် ထွန်းကား ခဲ့သောဒေသဖြစ်သည့်အလျောက် ယနေ့တိုင် ရခိုင်လူမျိုးတို့သည်ဘာသာတရားကိုသက်ဝင်ယုံကြည်ကာ လေးစားတန်ဖိုးထားခြင်းဖြင့်လည်းကောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို လက်ဆင့်ကမ်း တန်ဖိုးထား ထိန်းသိမ်းစေလိုခြင်းဖြင့်လည်းကောင်း၊ထိုပူဇော်ပွဲကိုနှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပပြုလုပ်လေ့ရှိပါ သည်။

## နိဂုံး

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ထမင်းထောင်၊ ပန်းထောင်ပူဇော်ပွဲသည်ယနေ့ထိတိုင်ရခိုင်လူမျိုးများ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော ရခိုင်ရိုးရာဓလေ့ထုံးစံ အရ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်လာခဲ့သော ပွဲတော်လည်း ဖြစ်ပါသည်။ ဤပွဲတော်ကို ရခိုင်ရိုးရာ ဓလေ့ထုံးတမ်းအစဉ် အလာများ

တိမ်ကောပပျောက်ခြင်း မရှိစေရန်၊ ရခိုင်လူမျိုး တို့၏ စည်းလုံး ညီညွတ်မှုရှိပုံနှင့် ဘာသာတရားကို မြတ်နိုးတန်ဖိုးထားပုံတို့ ကို သိရှိစေရန်၊ တိုင်းရင်းသားများအချင်းချင်း ၎င်းတို့၏ ရိုးရာယဉ် ကျေးမှုဓလေ့စရိုက်များကို အပြန်အလှန် လေးစား တန်ဖိုးထား စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်း ဖြစ်ပါသည်။

## ရှမ်းတိုင်းရင်းသားတို့၏ရိုးရာဓလေ့ တံပူပွဲတော်(သို့မဟုတ်) ပွဲလူလို

ရှမ်းပြည်နယ် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ထုံးတမ်း စဉ်လာတစ်ခုဖြစ်သော တံပူပွဲတော်(သို့မဟုတ်) ပွဲလူလို ဟုခေါ်သော သနပ်ခါးနံ့သာဆီမီး ဘုရားမီးပူဇော်ခြင်း ဓလေ့သည် ရှမ်းပြည်နယ် တွင် နှစ်စဉ်ကျင်းပမြဲ ဘာသာရေးပွဲတော်တစ်ခုဖြစ်သည်။ နံ့သာ ဆီမီးကျင်းပသည့်ရက်သည် တပို့တွဲလဆန်း ၁၄ ရက် နှင့် ၁၅ ရက် ဆောင်းကာလ၏ အစွန်ဆုံး အအေးဆုံးရာသီ ချိန်ခါဖြစ်သည်။ ထို့ကြောင့်ရှမ်းပြည်နယ်၏ အအေးဓာတ် လွန်ကဲသည့် တပိုတွဲလနှင့် မီးပူဇော်ချိန်အခါ သမယမှာလိုက်ဖက် လှပေသည်။

တပို့တွဲလသို့ ရောက်ပြီဆိုလျှင် ရှမ်းတိုင်းရင်းသား အမျိုးသား အမျိုးသမီးတို့သည် မိမိရွာနှင့် မိမိတို့ရွာလုံးကျွတ်မျှ တံပူပင် ရှာဖွေကြတော့သည်။ မိမိတို့ရိုးရာဓလေ့ပွဲတော်အတွက် တပို့တွဲလ၏

အေးချမ်းမှုဒဏ်ကိုအလေးမမူမိကြပေ။ သီချင်းတအေးအေးနှင့် တောခြံ့အုံကြားသွားရောက်လျက် တံပူပင်ခုတ်ကြတော့သည်။ တစ်ရွာနှင့်တစ်ရွာ အပြိုင်အဆိုင် တံပူပင်ပြုလုပ်ရမည် ဖြစ်၍ နုသောဖြောင့်သော တံပူပင်ကိုမှ ရွေးရှာကြရပေသည်။ တံပူပင်ဆိုသည့်ဆူးပင်မှာ အခွံခွာပြီးလျှင် ဖြူဖြူဖွေးဖွေးနှင့် အမြင်လှပသလောက်၊ အခွံမခွာမီမှာ ဆူးနှင့်အတိဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ရိုးရာ အလှူဒါန အတွက် ဆူးအပြည့်နှင့် တံပူပင်ကို စိတ်ရှည်လက်ရှည် ခုတ်ထစ်ပြီး အခွံခွာ၍ သယ်ဆောင်လာကြသည်။

တပို့တွဲလပြည့်နေ့တွင် တံပူပင်အား မီးရှို့ပူဇော်မည်ဖြစ်သောကြောင့် ခုတ်ယူလာသောတံပူပင်အား ခြောက်သွေ့စေရန် နေလှန်းထားကြရသည်။ ထို့နောက် တံပူပင်အား မည်သို့သောပုံစံမျိုးပြုလုပ်မည်ကို တိုင်ပင်ညှိနှိုင်းဆောင်ရွက်ကြသည်။ သို့ဖြစ်ရာ တပို့တွဲလပြည့်နေ့သို့ရောက်ရှိလာလျှင် မိမိတို့ပြုလုပ် ဆင်ယင်ထားသော ပြာသာဒ်ပုံ၊ ကျောင်းပုံ၊ စေတီပုံ စသည်ဖြင့် ဉာဏ်မီသလိုပြုလုပ်ထားသည့် တံပူပင်အား မြို့၏စုရပ် ကျယ်ပြန့်သည့်နေရာသို့ အိုးစည်ဗုံမောင်းတို့ဖြင့် သယ်ယူသွားကြသည်။ ရှမ်းတိုင်းရင်းသူလုံမေများက တံပူပင်များပို့ဆောင်ရာသို့ လိုက်ပါကြပြီး အမျိုးသားများက တံပူပင်ထမ်းလျက်၊ တိုးနရားကိန္နရာများကလည်း မြူးမြူးကြွကြွကလျက်အားလုံးက ပျော်ရွှင်စွာလှည့်လည်ကြသည်။ မီးပူဇော်မည့် စုရပ်သို့ရောက် သည်နှင့်မိမိတို့တံပူပင်အားနေရာချကာ အခြား

ရောက် မလာသေးသည့် အဖွဲ့များကို စောင့်ဆိုင်းနေကြရသည်။ အချိန်ကား တပို့တွဲလပြည့်နေ့ မွန်းတည့်ချိန်ပင်။ ဤသို့စောင့်ဆိုင်းနေရင်း နှင့်ရှမ်းအိုးစည်များက အပြိုင်တီးခတ် လိုက်ကြသည်။ တိုးနယား၊ ကိန္နရာတို့ကလည်း အပြိုင်အဆိုင်ကခုန်



ကြသည်။ ပို့ဆောင်သူနှင့် လာရောက်ကြည့်ရှုသူများ တစ်မြို့နယ်လုံးလာရောက်ကြသဖြင့် စည်ကားလှပေသည်။

မြို့ပတ်ဝန်းကျင် ရွာများစုံသည်နှင့် မြို့တွင်းသို့တန်းစီ လှည့်လည်ရာတွင် လမ်းတစ်လျှောက်လုံး ပြည့်ညှပ်စည်ကားလျက် ရှိနေတော့သည်။ တံပူပင်တွင် အိုးစည်တီးသူတို့ကလည်း အပြိုင်အဆိုင်လက်စွမ်းပြကြတော့သည်။ တံပူပင်ထမ်းသူတို့ကလည်း တံပူပင်အား လှည့်၍ကရင်း၊ ပတ်၍ကရင်း ပို့ဆောင်ကြသဖြင့် တံပူပင် ပို့ဆောင် ရာလမ်းတစ်လျှောက် စည်ကားလျက်ရှိပေ သည်။

မီးပူဇော်မည့်ကွင်းပြင်သို့ရောက်သည်နှင့် မိမိတို့တံပူပင်များအား စနစ်တကျထား၍ ဘုရားကပ်လှူပြီး သီလခံယူကြသည်။ နေစောင်းချိန်တဖြည်းဖြည်းအမှောင်ဘက်ဆီသို့ ရောက်လာသည် နှင့် တံပူပင်အား မီးရှို့လှူဒါန်းကြသည်။ ရှမ်းအိုးစည်သံ တို့မှာလည်း ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာကြသည်။ တံပူပင်တွင် တပ်ဆင်ထားသည့် ပြောက်အိုးများသည်လည်း ဆူညံစွာ ပေါက်ကွဲလာတော့သည်။ ယခင်အချိန်များက တံပူပင်အား မီးရှို့ဘုရားပူဇော်ရာတွင် မီးဒုံးကျည်လေးများဖြင့် ဖေါက်ခွဲမီးရှို့ကြသည်။ တံပူပင်နှင့် မီးရှို့သူတွင် ကြေးနန်းကြိုးတန်းထား၍ ထိုကြေးနန်းကြိုးပေါ်မှ မီးဒုံး ကျည်လေးက ပြေးလွှားပေါက်ကွဲ ခြင်းဖြစ်သည်။ ယမ်းအားနှင့် နန်းကြိုးအတိုင်း ပြေးလွှားသွား သောပေါက်ကွဲသံနှင့်အတူ တံပူပင်အား မီးစွဲလောင်သွားသည်က ကြည့်၍ကောင်းလှသည်။

ထိုသို့တံပူပင်ပြုလုပ်၍ စုပေါင်းမီးလှူဒါန်းပူဇော်ကြသည့် အပြင် ရှမ်းတိုင်းရင်းသားတို့သည် မိမိတို့အိမ်တွင်လည်း မီးလှူဒါန်း ပူဇော်ကြသေးသည်။ သို့သော်တံပူပင်ကဲ့သို့ ကြီးကြီးမားမား မဟုတ် တော့ပေ။ မီးစံပန်းလေးပေါ်တွင် သနပ်ခါးနံ့သာသားတို့အပြင် အမွှေးအကြိုင်များဖြင့် မီးရှို့လှူဒါန်းပူဇော်ခြင်းသာဖြစ်ပေ သည်။

ရှေးယခင်အခါက မီးခံဗန်းဖြင့်သာ လှူဒါန်းကြသော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ခန့်က ပဒေသရာဇ်စော်ဘွားတို့ လက် ထက်မှပင် ဤသို့ ပြာသာဒ်ပုံ၊ ကျောင်းပုံ၊ စေတီပုံအစရှိသည့် တံပူ ပင်ကို ပြုလုပ်ပူဇော်လာကြခြင်းဖြစ်သည်။ ရှမ်းတိုင်းရင်းသား တို့သည် မီးလှူဒါန်းသော တံပူပင်ပွဲတော်ကို ယခုကဲ့သို့ ကြီးကျယ် ခမ်းနားစွာကျင်းပရခြင်းမှာ ဘိုးဘွားစဉ်ဆက်ကရှိခဲ့ သော ထုံးတမ်း စဉ်လာ အယူအဆတစ်ခု မပျောက်ပျက်စေလို သောကြောင့် ဖြစ်ပေ သည်။ ၎င်းတို့၏အယူအဆမှာ ဓါတ်ကြီးလေးပါးမှ တစ်ပါးဖြစ်သည့် မီးဓာတ်လှူဒါန်းခြင်းဖြင့်'အနုရုဒ္ဓ'ရဟန်းကဲ့သို့ ဉာဏ်ပညာထွန်းလင်း တောက်ပသည်ဟု လည်းကောင်း၊ တဖုသနှင့် ဘလ္လိကကုန်သည် ညီနောင်ကဲ့သို့ တောက်ပကျော်ကြား သည် ဟုလည်းကောင်း အယူရှိ ကြသည်။

တပို့တွဲလတွင် တံပူပင်ပွဲတော်ကျင်းပသည်နှင့် 'ခေါက် ယာဂု' ဟုခေါ်သော ထမနဲသည်လည်း တံပူပင်နှင့်ယှဉ်၍ လှူဒါန်း ဖွယ် အဖြစ် ဖြစ်ပေါ်လာခဲ့ရပေသည်။ ရှေးလူကြီးသူမတို့ ပြောဆို

သောစကားတွင် 'ခေါက်ယာဂုဟုခေါ်သောထမနဲအားလှူ ဒါန်း၍သာ တံပူမီးပူဇော်ခြင်းဖြစ်ပေါ်လာခဲ့သည်'ဟုဆိုကြသည်။

ဘုရားရှင်လက်ထက်ကလည်း လှည်းအစီးပေါင်း ၅၀၀ တို့က အုပ်ချုပ်သည့် တဖုဿနှင့် ဘလ္လိကအမည်ရှိသော ကုန်သည် ညီနောင်တို့သည် ဘုရားရှင်နှင့် တွေ့ဆုံရာတွင် လှူဒါန်းစရာ အဖြစ် ကောက်ညှင်း၊ မြေပဲ၊ နှမ်း၊ ပျားရည် စသည် ပစ္စည်းလေးမျိုးသာရှိ၍ ထိုပစ္စည်းလေးမျိုးကို ရောနှောကာ ကြိုချက်လှူဒါန်းခဲ့သဖြင့် "ခေါက်ယာဂု" ဟူ၍ ဖြစ်ပေါ်လာ ခြင်းဖြစ်သည်။ ယခုအခါ ပျားရည်နှင့်မကျိုချက်တော့ဘဲ ကြံသကာဖြင့်သာ ကြိုချက်ကြ ကြောင်းသိရသည်။

ဘုရားရှင်တော်နှင့် ကုန်သည်ညီနောင်တို့ တွေ့ဆုံချိန်သည် တပိုတွဲလရာသီဖြစ်ရာ ချမ်းလွန်းသဖြင့် ကုန်သည်ညီနောင်တို့က မီးပူဇော်ကြသည်။ ထိုသို့မီးပူဇော်ရာတွင် ကုန်သည်ဖြစ်သည့် အလျောက် 'မိုင့်တမ်းပူ'ဟုခေါ်သော 'တံပူပင်' ထင်းဖြင့် မီးရှို့ လှူဒါန်းကြရသည်။ မိုင့်တမ်းပူသည် မီးတောက်လွယ်၍ အပူချိန်ပြင်း ပြီး ငြိမ်းသွားသည်နှင့် မီးကျီးခဲမကျန်တော့ဘဲ ငြိမ်းသွားသည်။ ထို့ကြောင့် ရှေးကကုန်သည်တို့သည် တောက် လွယ် ငြိမ်းလွယ်သော 'မိုင့်တမ်းပူ'အား ထင်းအဖြစ်သုံးကြခြင်း ဖြစ်သည်။ သို့ဖြင့် 'လို' ဟုခေါ်သော တံပူပင် မီးပူဇော်ပွဲဖြစ်ပေါ် လာခဲ့သည်။ အဆိုပါ 'မိုင့်တမ်းပူ'သည် တံပူပင်ဖြစ်၍ 'လို' ဟုခေါ်သော ဝေါဟာရစကား

မှာ ရေးအခါ ရှမ်းလူမျိုးတို့သည် ထင်းအား ‘လို’ ဟု ခေါ်ဝေါ်ခဲ့ခြင်း ကြောင်း ‘ပွဲလူလို’ ဟုခေါ်တွင်ခဲ့ခြင်းဖြစ် ကြောင်းသိရ သည်။ အဓိပ္ပါယ်မှာ ထင်းအလှူပွဲတော်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရှမ်းတိုင်းရင်းသားတို့သည် တံပူပင်ပွဲတော် ‘ပွဲလူလို’ ကျင်းပခြင်းဖြင့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ သွေးစည်းခြင်း စသည်အကျိုးတရားများ ခံစားရမည်ဖြစ်ပါ ကြောင်း ရေးသားတင်ပြရပါသည်။

# မှီငြမ်းကိုးကားချက်များ

(၁) ဦးဒိန်ခန်ဒါဝိ၊ ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရဝမ်စာပေအဖွဲ့၊ ပူတာအိုမြို့။

(၂) ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ အမှတ်(၁၇)၊ စိန်ပန်းလမ်းသွယ်၊ အရှေ့ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့။

(၃) Rev- Salai David, Lecture from Holy Cross Theologyical Collage, 104, Inya Road, Kamaryut Tsp, Yangon.

(၄) ဦးလားလိကျန်းလျံနား(ဥက္ကဋ္ဌ)၊ လူရှိုင်း(ဗဟို) စာပေနှင့် ယဉ်ကျေးမှုအသင်း၊ တာဟန်း၊ ကလေးမြို့။

(၅) ဒေါ်နော်မာလေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ညွှန်ကြား ရေးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး။

(၆) သာထွန်းငြိမ်း (ပခုက္ကူ)၊ ဆောမြို့ပွဲတော်အကြောင်း ဆောင်းပါးမှ ကောက်နုတ်ဖော်ပြပါသည်။

(၇) ဦးမင်းမြင့်ဖေ၊ ဌာနခွဲစာရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ညွှန်ကြား ရေးမှူးရုံး၊ မွန်ပြည်နယ်။

(၈) ရခိုင်ပြည်နယ်ဒေသပါတီမှ တာဝန်ပေးသော ကော်မတီ အဖွဲ့မှ ပြုစုပေးပို့သည်။

(၉ ) ၁၅-၉-၂၀၁၈ နေ့ထုတ် ကြေးမုံသတင်းစာ အထူးကဏ္ဍ တိုင်းရင်းသားရေးရာ အချပ်ပို။

(၁၀) ၂၃-၂-၂၀၁၉ နေ့ထုတ် ကြေးမုံသတင်းစာ အထူးကဏ္ဍ တိုင်းရင်းသားရေးရာ အချပ်ပို။